ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထဝီဝင်နှင့်သမိုင်း

## စတုတ္ထတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထဝီဝင်နှင့်သမိုင်း

## စတုတ္ထတန်း

MCRS
Reference
Library

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၆-၁၇ ပညာသင်နှစ် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊

အုပ်ရေ- ၈၈၀၀၀၀

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

# အမှာစာ

၁။ ဤပြဋ္ဌာန်းစာအုပ်တွင် ပထဝီဝင်နှင့်သမိုင်းဘာသာတို့ပါဝင်၍ သင်ခန်းစာပေါင်း ၃၂ ခုပါရှိပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း လေ့ကျင့်ရန်လုပ်ငန်းများကို ဖော်ပြထားပါသည်။

ဤစာအုပ်ကို သင်ကြားခြင်း၏ ရည်ရွယ်ချက်များမှာ--

(၁) မြန်မာနိုင်ငံ၏ သဘာဝအခြေအနေများနှင့် တိုင်းရင်းသားတို့၏ လုပ်ကိုင်နေထိုင်စားသောက်ပုံတို့ကို သိရှိနားလည်စေရန်။

(၂) မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်များ ရင့်သန်လာစေရန်တို့ ဖြစ်ပါသည်။

၂။ ဤပထဝီဝင်နှင့်သမိုင်းဘာသာကို သင်ကြားရန် ပထဝီဝင်ဘာသာအတွက် တစ်ပတ်လျှင် ၂ ချိန်ဖြင့် စာသင်နှစ်တစ်နှစ်လျှင် ၇၂ ချိန်၊ သမိုင်းဘာသာအတွက်လည်း တစ်ပတ်လျှင် ၂ ချိန်ဖြင့် စာသင်နှစ်တစ်နှစ်လျှင် ၇၂ ချိန်ရရှိသဖြင့် စုစုပေါင်း ၁၄၄ ချိန် ရရှိပါသည်။ ၎င်း ၁၄၄ ချိန်အနက်မှ ၁၁၆ ချိန်ကို သင်ကြားရေးအတွက် အသုံးပြုပြီး ကျန် ၂၈ ချိန်ကို ပြန်လည်သင်ကြားရေးတွင် အသုံးပြုကြရန် ဖြစ်ပါသည်။ သင်ခန်းစာ တစ်ခုချင်း၏ သင်ချိန်အသေးစိတ်ကို အောက်ပါဇယားတွင် ပူးတွဲဖော်ပြထားပါသည်။

၃။ သင်ချိန်ခွဲဝေမှု အသေးစိတ်ယေားမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ချိန် |
|---|---|---|
| | အပိုင်း(၁) ကျွန်ုပ်တို့နိုင်ငံ | ၂၁ ချိန် |
| ၁။ | ကျွန်ုပ်တို့မြန်မာနိုင်ငံ | – |
| ၂။ | မြန်မာတိုင်းရင်းသားများ | – |
| | အပိုင်း(၂) မြန်မာနိုင်ငံရှိဒေသကြီးများကို လေ့လာခြင်း | ၃၁ ချိန် |
| ၃။ | အလယ်ပိုင်းချိုင့်ဝှမ်းလွင်ပြင်ဒေသ | – |
| ၄။ | ကမ်းရိုးတန်းဒေသ | – |
| ၅။ | တောင်တန်းဒေသ | – |
| | အပိုင်း(၃) လက်တွေ့ပထဝီဝင် | ၈ ချိန် |
| ၆။ | အရပ်ရှစ်မျက်နှာနှင့် တည်နေရာကိုလေ့လာခြင်း | – |
| ၇။ | မိုးလေဝသအခြေအနေများကိုလေ့လာခြင်း | – |
| ၈။ | မြန်မာနိုင်ငံနှင့်အင်္ဂလိပ်နယ်ချဲ့ | ၅ ချိန် |
| ၉။ | ကချင်တောင်တန်းဒေသများ၏ နယ်ချဲ့ဆန့်ကျင်ရေး | ၃ ချိန် |
| ၁၀။ | မျိုးချစ်ခေါင်းဆောင် စောလဖော် | ၃ ချိန် |
| ၁၁။ | ချင်းတော်လှန်ရေးခေါင်းဆောင် ကြွမ်ဘိ | ၃ ချိန် |
| ၁၂။ | ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ် | ၃ ချိန် |
| ၁၃။ | ဝံသာနုခေါင်းဆောင် ဦးချစ်လှိုင် | ၇ ချိန် |
| ၁၄။ | တောင်သူလယ်သမားအရေးတော်ပုံ | ၇ ချိန် |
| ၁၅။ | ဦးရွှေစံအောင် | ၂ ချိန် |
| ၁၆။ | ဒီးဒုတ်ဦးဘချို | ၂ ချိန် |
| ၁၇။ | ကရင်အမျိုးသားခေါင်းဆောင် မန်းဘခိုင် | ၂ ချိန် |
| ၁၈။ | ဗိုလ်ချုပ်အောင်ဆန်း | ၄ ချိန် |
| ၁၉။ | ဗိုလ်မှူးကြီးဗထူး | ၆ ချိန် |
| ၂၀။ | ပြည်ထောင်စုနေ့ | ၄ ချိန် |
| ၂၁။ | လွတ်လပ်ရေးနေ့အခမ်းအနား | ၅ ချိန် |
| | သင်ချိန်ပေါင်း | ၁၁၆ ချိန် |
| | အရန်သင်ချိန် (ပထဝီ + သမိုင်း) | ၂၈ ချိန် |
| | စုစုပေါင်း | ၁၄၄ ချိန် |

**မှတ်ချက်။** အရန်သင်ချိန်သည် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အသုံးပြုရန်ဖြစ်သည်။


# မာတိကာ


| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း (၁)ကျွန်ုပ်တို့နိုင်ငံ** | |
| အခန်း (၁) | ကျွန်ုပ်တို့မြန်မာနိုင်ငံ | ၁ |
| အခန်း (၂) | မြန်မာတိုင်းရင်းသားများ | ၄ |
| | **အပိုင်း (၂) မြန်မာနိုင်ငံရှိ ဒေသကြီးများကို လေ့လာခြင်း** | |
| အခန်း (၃) | အလယ်ပိုင်းချိုင့်ဝှမ်းလွင်ပြင်ဒေသ | |
| | ၁။ စစ်ကိုင်းတိုင်းဒေသကြီး | ၁၂ |
| | ၂။ မန္တလေးတိုင်းဒေသကြီး | ၁၄ |
| | ၃။ မကွေးတိုင်းဒေသကြီး | ၁၆ |
| | ၄။ ပဲခူးတိုင်းဒေသကြီး | ၁၈ |
| အခန်း (၄) | ကမ်းရိုးတန်းဒေသ | |
| | ၁။ ရခိုင်ပြည်နယ် | ၂၀ |
| | ၂။ ဧရာဝတီတိုင်းဒေသကြီး | ၂၂ |
| | ၃။ ရန်ကုန်တိုင်းဒေသကြီး | ၂၄ |
| | ၄။ မွန်ပြည်နယ် | ၂၆ |
| | ၅။ တနင်္သာရီတိုင်းဒေသကြီး | ၂၈ |
| အခန်း (၅) | တောင်တန်းဒေသ | |
| | ၁။ ကချင်ပြည်နယ် | ၃၀ |
| | ၂။ ရှမ်းပြည်နယ် | ၃၂ |
| | ၃။ ကယားပြည်နယ် | ၃၄ |
| | ၄။ ကရင်ပြည်နယ် | ၃၆ |
| | ၅။ ချင်းပြည်နယ် | ၃၈ |
| | **အပိုင်း (၃) လက်တွေ့ပထဝီဝင်** | |
| အခန်း (၆) | အရပ်ရှစ်မျက်နှာနှင့် တည်နေရာကို လေ့လာခြင်း | ၃၉ |
| အခန်း (၇) | မိုးလေဝသအခြေအနေများကို လေ့လာခြင်း | ၄၅ |

| သင်ခန်းစာ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| အခန်း (၈) | မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နယ်ချဲ့ | ၅၄ |
| အခန်း (၉) | ကချင်တောင်တန်းဒေသများ၏နယ်ချဲ့ဆန့်ကျင်ရေး | ၅၆ |
| အခန်း (၁၀) | မျိုးချစ်ခေါင်းဆောင် စောလဖော် | ၅၈ |
| အခန်း (၁၁) | ချင်းတော်လှန်ရေးခေါင်းဆောင် ကွမ်ဘိ | ၆၀ |
| အခန်း (၁၂) | ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် | ၆၂ |
| အခန်း (၁၃) | ဝံသာနုခေါင်းဆောင် ဦးချစ်လှိုင် | ၆၄ |
| အခန်း (၁၄) | တောင်သူလယ်သမားအရေးတော်ပုံ | ၆၅ |
| အခန်း (၁၅) | ဦးရွှေဇံအောင် | ၆၇ |
| အခန်း (၁၆) | ဒီးဒုတ်ဦးဘချို | ၆၈ |
| အခန်း (၁၇) | ကရင်အမျိုးသားခေါင်းဆောင် မန်းဘခိုင် | ၆၉ |
| အခန်း (၁၈) | အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း | ၇၀ |
| အခန်း (၁၉) | ဗိုလ်မှူးကြီးဗထူး | ၇၃ |
| အခန်း (၂၀) | ပြည်ထောင်စုနေ့ | ၇၅ |
| အခန်း (၂၁) | လွတ်လပ်ရေးနေ့အခမ်းအနား | ၇၇ |

# အခန်း(၁)
# ကျွန်ုပ်တို့မြန်မာနိုင်ငံ

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အာရှတိုက် အရှေ့တောင်ဘက်တွင် တည်ရှိသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of South East Asia Nations-ASEAN) ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက် တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ မုတ္တမကွေ့၊ ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် ထိစပ်နေသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း ၂၆၀,၀၀၀ ကျော် ကျယ်ဝန်းသည်။





မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများပြပုံ

မြန်မာနိုင်ငံ၏မြောက်ပိုင်းနှင့် အနောက်ပိုင်းတွင် အလွန်မြင့်မားသော တောင်တန်းကြီးများရှိ၍ အလယ်ပိုင်းတွင် အလွန်ကျယ်ပြန့်သော မြေပြန့်လွင်ပြင်ရှိသည်။ မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်သည် အရေးအပါဆုံး မြစ်ကြီးတစ်ခုဖြစ်သည်။အခြားထင်ရှားသော မြစ်ကြီးများမှာ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံ၌ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက်များကို အရှေ့ဘက်ကုန်းမြင့်ဒေသတွင် အများဆုံးတွေ့ရသည်။ အနည်ကျကျောက်များကို အလယ်ပိုင်းချိုင့်ဝှမ်းနှင့် ရခိုင်ကမ်းမြောင်ဒေသတို့တွင် အများဆုံးတွေ့ရသည်။

မြန်မာနိုင်ငံ၌ နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးမျိုးရှိရာ နွေဥတုသည် မတ်လမှ မေလထိလည်းကောင်း၊ မိုးဥတုသည် ဇွန်လမှအောက်တိုဘာလထိလည်းကောင်း၊ ဆောင်းဥတုသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိဖြစ်သည်။ မြန်မာနိုင်ငံ၏ ရာသီဥတုသည် အများအားဖြင့် ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်သည်။ မြန်မာနိုင်ငံ၏ သဘာဝသစ်တောများမှာ အမြဲစိမ်းတော၊ ရွက်ပြတ်တော၊ ခြောက်သွေ့တော၊ တောင်ပေါ်တောနှင့် ဒီရေတောတို့ဖြစ်ကြသည်။




မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့်ပြည်နယ်များပြပုံ

ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသည်။ ဂျုံ၊ ပြောင်းဖူး၊ ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ အာလူးနှင့် ဟင်းသီးဟင်းရွက်တို့ကိုလည်း စိုက်ပျိုးကြသည်။ ထို့ပြင် ဝါ၊ ရာဘာ တို့ကိုလည်း စိုက်ပျိုးကြသည်။ လယ်ယာလုပ်ငန်းတွင် ထွန်ယက်ရန်နှင့် လယ်ယာထွက်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် ကျွဲ၊ နွားများ အများဆုံး မွေးမြူကြသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရေနံ၊ ပတ္တမြား၊ ကျောက်နီ၊ နီလာ၊ ကျောက်စိမ်း စသည်တို့တူးဖော်ရရှိသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် သဘာဝသစ်တောကြီးများ ကျယ်ပြန့်စွာပေါက်ရောက်လျက်ရှိသည်။ ၎င်းသစ်တောများမှ အဖိုးတန်ကျွန်းသစ်များ၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်၊ အင်ကြင်း၊ ပိတောက် စသော သစ်မာများ၊ ဝါးနှင့်အခြားသစ်တောထွက်ပစ္စည်းများရရှိသည်။

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ၌ ဆန်စက်၊ ဆီစက်၊ သကြားစက်များကို အဓိကလုပ်ကိုင်၍ လက်မှုလုပ်ငန်းတွင် လက်ရက်ကန်းလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ တောင်းပလုံးရက်လုပ်ငန်း စသည့်တို့လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးတွင် မော်တော်ကားလမ်းမှာ အဓိကဖြစ်သည်။ မီးရထားလမ်းများသည် မြန်မာနိုင်ငံ၏ တောင်နှင့်မြောက် ဆက်သွယ်ထားသော လမ်းကြီးများ ဖြစ်ကြသည်။ ရေကြောင်းလမ်းများအဖြစ် ပြည်တွင်းရေကြောင်းတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် အရေးပါဆုံး မြစ်ကြောင်းများဖြစ်ကြ၍ ပြည်ပရေကြောင်းတွင် အာရှနိုင်ငံများနှင့် အများဆုံးဆက်သွယ်လျက်ရှိသည်။ လေကြောင်းလမ်းတွင် ပြည်တွင်းလေကြောင်းလမ်းများ အပြင် ယခုအခါ ပြည်ပနိုင်ငံအများအပြားသို့ ဆက်သွယ်ပျံသန်းလျက်ရှိသည်။

လုပ်ငန်း(၁) ကျွန်ုပ်တို့မြန်မာနိုင်ငံနှင့်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကိုဖော်ပြပါ။

လုပ်ငန်း(၂) မြန်မာနိုင်ငံ၏ ထင်ရှားသောမြစ်ကြီးများမှာ မည်သည့်မြစ်များဖြစ်သနည်း။

လုပ်ငန်း(၃) မြန်မာနိုင်ငံ၌ တွေ့ရှိရသော တွင်းထွက်များကိုဖော်ပြပါ။

လုပ်ငန်း(၄) မြန်မာနိုင်ငံ၏ စိုက်ပျိုးသီးနှံများကို ဖော်ပြပါ။

လုပ်ငန်း(၅) မြန်မာနိုင်ငံ၏ရာသီဥတုသည်အများအားဖြင့်မည်သည့်ရာသီဥတု ဖြစ်သနည်း။

# အခန်း (၂)
# မြန်မာတိုင်းရင်းသားများ

## ကချင်



နေထိုင်ရာဒေသ - ကချင်ပြည်နယ်အနှံ့အပြားတွင် နေထိုင်ကြသည်။

ရိုးရာဝတ်ဆင်ပုံ - ကချင်အမျိုးသားများသည် ပုဆိုး သို့မဟုတ် ဘောင်းဘီ၊ ရှပ်အင်္ကျီနှင့် တိုက်ပုံတို့ကို ဝတ်ဆင်ကြသည်။ အမြိတ်ပါသည့် ခေါင်းပေါင်းကို ပေါင်းကြပြီး အမြိတ်ကို လက်ယာဘက်တွင် ချထားသည်။ ဓားနှင့် လွယ်အိတ်ကို လွယ်ကြသည်။
အမျိုးသမီးများသည် ဂျပ်ခုတ်ထည်တွင် လှပသောအပွင့်အကွက်များ ဖော်၍ရက်ကာ ဝတ်ဆင်ကြသည်။ အင်္ကျီပေါ်တွင် ငွေဒင်္ဂါးများ၊ ငွေမောင်းများကိုစီပြီး ကပ်ချုပ်ထားသည်။

ယုံကြည်ကိုးကွယ်မှု - ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြသည်။ နတ်ပူဇော်ပသသူများလည်းရှိသည်။

# ကယား



နေထိုင်ရာဒေသ - ကယားပြည်နယ်အနှံ့အပြားတွင် နေထိုင်ကြသည်။

ရိုးရာဝတ်ဆင်ပုံ - ကယားအမျိုးသားများသည် အဖြူရောင်ခေါင်းပေါင်း ပေါင်းပြီး ရှပ်အင်္ကျီဝတ်ဆင်ကာ အပေါ်မှတိုက်ပုံရင်စေ့ကို ထပ်၍ဝတ်ကြသည်။ ဒူးအောက်ထိရှည်သော ဘောင်းဘီကို ဝတ်ဆင်ကြသည်။ ရိုးရာအခမ်းအနားများတွင် ငွေဓားမြှောင်နှင့် ဓားလွယ်များကို သိုင်း၍လွယ်လေ့ရှိကြသည်။

အချို့အမျိုးသမီးများသည် ဆံထုံးကိုမြင့်မြင့်ထုံး၍ အနီရောင်ခေါင်းပေါင်းများ ပေါင်းကြသည်။ အင်္ကျီမှာ အနက်ရောင်စလွယ်သိုင်း လက်ပြတ်အင်္ကျီဖြစ်သည်။ အပေါ်မှအနီရောင်ခြုံထည်ကို လွှမ်းခြုံထားသည်။ ပဝါရှည်အဖြူကို ခါးစည်း၍ အစနှစ်ဖက်ကို ရှေ့ချထားသည်။ အနီရောင် သို့မဟုတ် အနက်ရောင်ထဘီကို ဝတ်ဆင်ကြသည်။

ယုံကြည်ကိုးကွယ်မှု - ဗုဒ္ဓဘာသာကိုးကွယ်သူနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်ကြသည်။ နတ်ပူဇော်ပသသူများလည်း ရှိသည်။

# ကရင်



နေထိုင်ရာဒေသ - ကရင်ပြည်နယ်အနှံ့အပြားနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တို့တွင် နေထိုင်ကြသည်။

ရိုးရာဝတ်ဆင်ပုံ - ကရင်အမျိုးသားများသည် ခေါင်းစည်းကို လက်ယာဘက်တွင် အမြိတ်တစ်ဖက်ချပြီးစည်းကြသည်။ ဘောင်းဘီ၊ ပုဆိုး၊ ရှပ်အင်္ကျီနှင့် သင်တိုင်းအင်္ကျီတို့ကို ဝတ်ဆင်ကြသည်။ အချို့သင်တိုင်းများမှာ ခေါင်းမှစွပ်၍ဝတ်ဆင်ရပြီး အချို့မှာ ရင်ခွဲသင်တိုင်းဖြစ်သည်။ ကရင်ပုဆိုးမှာ ကန့်လန့်စင်းဖြစ်ပြီး အလယ်တွင်ကန့်လန့်ဖြတ် အမြိတ်ဆင်ပါသည်။

အမျိုးသမီးများမှာ သင်တိုင်းအင်္ကျီနှင့်ထဘီကို ဝတ်ဆင်ကာ ခေါင်းတွင်ပဝါစီး၍ အမြိတ်နှစ်ဖက်ကို ရှေ့သို့ချထားသည်။

ယုံကြည်ကိုးကွယ်မှု - ဗုဒ္ဓဘာသာကိုးကွယ်သူနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြသည်။ နတ်ပူဇော်ပသသူများလည်း ရှိသည်။

# ချင်း



နေထိုင်ရာဒေသ - ချင်းပြည်နယ်အနှံ့အပြားတွင် နေထိုင်ကြသည်။

ရိုးရာဝတ်ဆင်ပုံ - ချင်းအမျိုးသားများသည် ဘောင်းဘီနှင့် ရှပ်အင်္ကျီတို့ကို ဝတ်ဆင်ကြပြီး ပွဲလမ်းရှိသည့်ရက်များတွင် ရောင်စုံအဆင်ဖော်ထားသော စောင်များကိုခြုံလေ့ရှိကြသည်။ ထို့ပြင်အနက်စင်းကို ကန့်လန့်ဖော်ထားသော ခေါင်းပေါင်းများကိုလည်း ပေါင်းလေ့ရှိကြသည်။ အမျိုးသမီးများသည် ထဘီကိုခြေမျက်စိဖုံး ဝတ်ဆင်ကြသည်။ ထဘီမှာ ကန့်လန့်စင်း၊ မှန်ကူကွက်၊ ပန်းပွင့်ပန်းပြောက် အဆင်များဖြစ်ကြသည်။ အင်္ကျီမှာ ရင်စေ့လက်တိုဖြစ်ပြီး အနားတွင် အကွက်အဆင်များ ခြယ်ထားသည်။ ခါးတွင်လည်း ငွေနန်းကြိုးနှင့် ကြေးနန်းကြိုးများကို အပြားသဏ္ဍာန် သီ၍ပတ်ကြသည်။ ပွဲတော်ရက်များတွင် လှပစွာရက်လုပ်ထားသော ပိုးထည်စောင်များကို ခြုံလေ့ရှိကြသည်။

ယုံကြည်ကိုးကွယ်မှု - ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြသည်။ နတ်ပူဇော်ပသသူများလည်းရှိသည်။



**နေထိုင်ရာဒေသ** - စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံး နေထိုင်ကြသည်။

**ရိုးရာဝတ်ဆင်ပုံ** - ဗမာအမျိုးသားများသည် ပိုးဆိုး၊ ရှမ်းအင်္ကျီလည်ကတုံးနှင့် တိုက်ပုံတို့ကို ဝတ်ဆင်ကြသည်။ ခေါင်းပေါင်း ပေါင်းကြသည်။ ခေါင်းပေါင်းစကို ညာဘက်တွင်ချထားသည်။

အမျိုးသမီးများက ထဘီနှင့် ရင်စေ့ရင်ဖုံးအင်္ကျီများကို ဝတ်ဆင်ကြသည်။ ဆံထုံးထုံး၍ပဝါခြုံကြသည်။

**ယုံကြည်ကိုးကွယ်မှု** - အများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြသည်။

# မွန်



**နေထိုင်ရာဒေသ** - မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးနေထိုင်ကြသည်။

**ရိုးရာဝတ်ဆင်မှု** - မွန်အမျိုးသားတို့သည် မဆီး၊ ရှပ်အင်္ကျီလည်ကတုံးနှင့် တိုက်ပုံအင်္ကျီတို့ကို ဝတ်ဆင်ကြသည်။

အမျိုးသမီးများမှာ ဘီးဆံထုံး ထုံးကြပြီး ရင်စေ့အင်္ကျီနှင့် ထဘီတို့ကို တွဲဖက်ဝတ်ဆင်ကြသည်။

**ယုံကြည်ကိုးကွယ်မှု** - အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြသည်။

# ရခိုင်



| | | |
|---|---|---|
| နေထိုင်ရာဒေသ | - | ရခိုင်ပြည်နယ် အနှံ့အပြားတွင် နေထိုင်ကြသည်။ |
| ရိုးရာဝတ်ဆင်ပုံ | - | ရခိုင်အမျိုးသားတို့သည် ရခိုင်ပုဆိုး၊ ရှပ်အင်္ကျီလည်ကတုံးနှင့် တိုက်ပုံတို့ကို ဝက်ဆင်ကြသည်။ အုပ်ပေါင်းကို အဆင်သင့် ပြုလုပ်ပေါင်းကြပြီး ခေါင်းပေါင်းစကို ဘယ်ဘက်တွင် ချထားကြသည်။<br>အမျိုးသမီးတို့သည် ဆံထုံးအမျိုးမျိုးတို့ကို ထုံးကြသည်။ ရင်ဖုံး ရင်စေ့အင်္ကျီများနှင့် ကန့်လန့်စင်းပါသော ချိတ်ထဘီများကို ဝတ်ဆင်ကြသည်။ ပဝါကိုဘယ်ပခုံးပေါ်တွင်တင်ပြီး စလွယ်သိုင်းကဲ့သို့ ပတ်ထားကြသည်။ |
| ယုံကြည်ကိုးကွယ်မှု | - | အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြသည်။ |

# ရှမ်း



နေထိုင်ရာဒေသ - ရှမ်းပြည်နယ်အနှံ့အပြားတွင် နေထိုင်ကြသည်။

ရိုးရာဝတ်ဆင်ပုံ - ရှမ်းအမျိုးသားတို့သည် ရှပ်အင်္ကျီနှင့် ပင်နီတိုက်ပုံအင်္ကျီတို့ကို ဝတ်ဆင်လေ့ရှိကြသည်။ ဘောင်းဘီမှာ ခပ်ပွပွဖြစ်ပြီး အများအားဖြင့် ပင်နီဖျင်နှင့် ချုပ်ကြသည်။ အမျိုးသားတိုင်းသည် ခေါင်းပေါင်း ပေါင်းကြသည်။
အမျိုးသမီးများမှာ ထဘီနှင့် အင်္ကျီတို့ကို ဝတ်ဆင်ကြပြီး ရှမ်းအမျိုးသားများကဲ့သို့ ခေါင်းပေါင်း ပေါင်းကြသည်။


ယုံကြည်ကိုးကွယ်မှု - အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြသည်။

# အခန်း (၃)

# အလယ်ပိုင်းချိုင့်ဝှမ်းလွင်ပြင်ဒေသ

## ၁။ စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ အနောက်မြောက်ပိုင်းတစ်လျှောက်တွင် ပတ်ကွိုင်တောင်နှင့် နာဂတောင်တန်းများရှိသည်။ နာဂတောင်တန်းတွင် အမြင့်ဆုံးတောင်ထိပ်မှာ စာရာမေတိ (နွိုင်ဓမောက်) တောင်ထိပ်ဖြစ်သည်။ အမြင့်ပေ ၁၂၅၅၃ မြင့်သည်။ ပုံညာတောင်တန်း၊ မင်းဝံတောင်တန်းစသည်ဖြင့် တောင်တန်းများလည်းရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးကိုဖြတ်၍ စီးဆင်းကြသော မြစ်ကြီးသုံးသွယ်မှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်တို့ဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် အပူချိန်မြင့်ပြီး တိုင်းဒေသကြီး၏မြောက်ပိုင်းတွင် မိုးများ၍ တောင်ပိုင်းတွင်မိုးနည်းပါးသည်။




စစ်ကိုင်းတိုင်းဒေသကြီး၏ ပထဝီဝင်အချက်အလက်များပြပုံ

ဗမာလူမျိုး အများဆုံးရှိပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးနှင့် ဂျုံဖြစ်၏။ နှံစားပြောင်း၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဂေါ်၊ ကြံနှင့် ပဲအမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးကြသည်။ ရွှေနှင့်ကြေးနီစသော ကွင်းထွက်ပစ္စည်းများလည်း ထွက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏မြို့တော်မှာ မုံရွာမြို့ဖြစ်သည်။ အဓိကမော်တော်ကား လမ်းမှာ စစ်ကိုင်း-မုံရွာ-ရေဦး-ကလေးလမ်းနှင့် စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်းကိုဖောက်ကြ သည်။ စစ်ကိုင်း-မြစ်ကြီးနားနှင့် စစ်ကိုင်း-မုံရွာ-ဘုတလင်ထိ မီးရထားလမ်းလည်းရှိသည်။ ရေလမ်းခရီးအဖြစ် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ကို အသုံးပြုနိုင်သည်။ ဆင်ဖြူရှင်တံတား (ချင်းတွင်းမြစ်ကူးတံတား) လည်းရှိသည်။ ကလေးနှင့်ခန္တီးမြို့တို့တွင် လေဆိပ်များရှိသည်။

လုပ်ငန်း (၁) စစ်ကိုင်းတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တိုင်းဒေသကြီးများ နှင့် ပြည်နယ်များကို ဖော်ပြပါ။

လုပ်ငန်း (၂) စစ်ကိုင်းတိုင်းဒေသကြီး၏အနောက်မြောက်ပိုင်းတွင် မည်သည့်တောင်တန်း များ တည်ရှိသနည်း။


လုပ်ငန်း (၃) ချင်းတွင်းမြစ်နှင့်မူးမြစ်တို့သည်မည်သည့်မြစ်အတွင်းစီးဝင်သနည်း။

လုပ်ငန်း (၄) ဆင်ဖြူရှင်တံတားသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မည်သည့်တိုင်းဒေသကြီး ကို ဆက်သွယ်ထားသနည်း။

လုပ်ငန်း (၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် မည်သည့်မြို့များ၌ လေဆိပ်များရှိသနည်း။

## ၂။ မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ၏မြို့တော်တည်ရှိရာ နေပြည်တော် ပြည်ထောင်စုနယ်နိမိတ်တည်ရှိပြီး တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနားမြို့နယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ပုပ္ပားမီးငြိမ်းတောင်ရှိသည်။ မန္တလေးနှင့် ကျောက်ဆည်မြို့ ပတ်ဝန်းကျင်တွင် လွင်ပြင်များရှိသည်။ ဧရာဝတီမြစ်၊ မြစ်ငယ်၊ ပန်းလောင်၊ ဇော်ဂျီနှင့် စမုံမြစ်တို့သည် မန္တလေးတိုင်းဒေသကြီးအတွင်း စီးဆင်းလျက်ရှိကြသည်။ မန္တလေးတိုင်းဒေသကြီးသည် အပူချိန်များပြီး မိုးရေချိန်အသင့်အတင့်ရရှိသော တိုင်းဒေသကြီးဖြစ်သည်။




မန္တလေးတိုင်းဒေသကြီး၏
ပထဝီဝင်အချက်အလက်များပြပုံ

ဗမာလူမျိုးအများဆုံးနေထိုင်၍ အခြားလူမျိုးများလည်း နေထိုင်ကြသည်။ အဓိက စိုက်ပျိုးသီးနှံမှာ ရေသွင်းစပါးနှင့် ဝါတို့ဖြစ်ပြီး ဂျုံ၊ ပြောင်း၊ နှမ်းတို့ကိုလည်း စိုက်ပျိုးကြသည်။ မန္တလေးတိုင်းဒေသကြီး၌ ပတ္တမြား၊ နီလာ စသည့် ကျောက်မျက်ရတနာများ ထွက်သည်။ စက်မှုလက်မှုဖွံ့ဖြိုးသော တိုင်းဒေသကြီးဖြစ်ပြီး သကြားစက်များနှင့် ဘီယာစက်ရုံတို့ရှိသည်။

မြန်မာနိုင်ငံ၏မြို့တော်မှာ နေပြည်တော်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၏ မြို့တော်သည် မန္တလေးမြို့ဖြစ်ပြီး ရှေးမင်းနေပြည်တော်ဖြစ်ခဲ့သောကြောင့် ရှေးခေတ်လက်ရာ ကျောင်းကန်ဘုရားများ ပေါများသည်။ လွန်ခဲ့သော နှစ်တစ်ထောင်ကျော်က ဘုရား၊ ပုထိုးများတည်ရှိသော ပုဂံမြို့မှာ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသည်။ မန္တလေးမြို့မှာ ရန်ကုန်၊ လားရှိုး၊ မြစ်ကြီးနား၊ ပုဂံနှင့် မြင်းခြံမြို့များသို့ မီးရထားလမ်း ရှိသည်။ မော်တော်ကားလမ်းများလည်း ရှိသည်။ မန္တလေးနှင့် ညောင်ဦးမြို့တို့တွင် လေဆိပ်များရှိ၍ တံတားဦးမြို့အနီးတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိသည်။

လုပ်ငန်း (၁) မန္တလေးတိုင်းဒေသကြီးနှင့် ထိစပ်နေသော တိုင်းဒေသကြီးများကိုဖော်ပြပါ။

လုပ်ငန်း (၂) မန္တလေးတိုင်းဒေသကြီးအတွင်း စီးဆင်းသောမြစ်များကိုဖော်ပြပါ။

လုပ်ငန်း (၃) မန္တလေးတိုင်းဒေသကြီးတွင်တွေ့ရှိရသော ကျောက်မျက်ရတနာများကို ဖော်ပြပါ။

လုပ်ငန်း (၄) မြေပုံပေါ်တွင် ထင်ရှားသော မြို့ကြီးများကို ဖော်ပြပါ။


လုပ်ငန်း (၅) ကျောက်ပန်းတောင်းမြို့နှင့် မိတ္ထီလာမြို့ကို မည်သည့်လမ်းကြောင်းဖြင့် ဆက်သွယ်ထားသနည်း။

လုပ်ငန်း (၆) မန္တလေးမှ ပုဂံ-ညောင်ဦးသို့ မည်သည့်လမ်းကြောင်းများဖြင့် သွားနိုင်သနည်း။

လုပ်ငန်း (၇) နေပြည်တော်တွင် မည်သည့်မြို့နယ်များ ပါဝင်သနည်း။

# ၃။ မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိသည်။ မကွေးတိုင်းဒေသကြီးသည် မြေပြန့်ဒေသဖြစ်ပြီး တိုင်းဒေသကြီး၏အနောက်ပိုင်းတွင် တောင်တန်းများရှိသည်။ ဧရာဝတီမြစ်သည် တိုင်းဒေသကြီး၏အလယ်ကိုဖြတ်၍ မြောက်မှ တောင်သို့စီးဆင်းသည်။ ယော၊ စလင်း၊ မုန်း၊ မန်း စသည့်မြစ်ငယ်၊ ချောင်းငယ်များ စီးဆင်းနေသည်။ မကွေးတိုင်းဒေသကြီး၏ အပူချိန်မှာ မြင့်ပြီး မိုးအလွန်နည်းသော ဒေသဖြစ်သည်။




မကွေးတိုင်းဒေသကြီး၏ ပထဝီဝင်အချက်အလက်များပြပုံ

ဗမာလူမျိုးအများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ နှမ်းဖြစ်ပြီး မြေပဲ၊ ပဲအမျိုးမျိုး၊ ဝါ၊ မြန်မာဆေးရွက်ကြီးတို့ကိုလည်း စိုက်ကြသည်။ မကွေးတိုင်းဒေသကြီး၏ အဓိကတွင်းထွက်ပစ္စည်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့တို့ဖြစ်ကြသည်။ မကွေးတိုင်းဒေသကြီးတွင် မြန်မာ့အကြီးစားစက်မှုလုပ်ငန်းစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ဘိလပ်မြေစက်ရုံ စီးကရက်စက်ရုံတို့ရှိသည်။

မကွေးတိုင်းဒေသကြီး၏မြို့တော်မှာ မကွေးမြို့ဖြစ်သည်။ မော်တော်ကားလမ်းအမြောက်အမြားရှိပြီး မီးရထားလမ်းများလည်း အသင့်အတင့်ရှိသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် အရေးပါသော ရေကြောင်းလမ်းများဖြစ်သည်။ အနော်ရထာတံတား (ဧရာဝတီမြစ်ကူးတံတား)နှင့် ဆင်ဖြူရှင်တံတား (ချင်းတွင်းမြစ်ကူးတံတား) တို့ ရှိသည်။ မကွေး၊ ပခုက္ကူ၊ ပေါက်၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ဂန့်ဂေါမြို့တို့၌ လေယာဉ်ကွင်းများရှိသည်။


လုပ်ငန်း (၁) မကွေးတိုင်းဒေသကြီး၌ တောင်တန်းများသည် မည်သည့်အပိုင်းတွင် တည်ရှိသနည်း။

လုပ်ငန်း (၂) မကွေးတိုင်းဒေသကြီး၏ အဓိကထွက်ကုန်များကို ဖော်ပြပါ။

လုပ်ငန်း (၃) မကွေးတိုင်းဒေသကြီးမြေပုံကိုကြည့်၍ မြို့နှင့်စက်ရုံအမည်များကို ယှဉ်တွဲဖော်ပြပါ။

လုပ်ငန်း (၄) မကွေးမြို့မှအောင်လံမြို့ကို မည်သည့်လမ်းများဖြင့် ဆက်သွယ်ထားသနည်း။

လုပ်ငန်း (၅) အောက်ပါမြေပုံတွင် မြို့အမည်များကို ဖြည့်ပေးပါ။



(က) ................

(ခ) ................

(ဂ) ................

(ဃ) ................


(င) ................

(စ) ................

(ဆ) ................

# ၄။ ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း ချိုင့်ဝှမ်းဒေသကြီး၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ ပဲခူးတိုင်းဒေသကြီးအလယ်ပိုင်းရှိ ပဲခူးရိုးမသည် ပေ ၂၀၀၀ အောက်ရှိသော တောင်တန်းနိမ့်တစ်ခုဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ထင်ရှားသော မြစ်ချောင်းအင်းအိုင်များမှာ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် မြစ်မခမြစ်၊ ရဲနွယ်ချောင်း၊ ပဲခူး-စစ်တောင်းတူးမြောင်းနှင့် မိုးယွင်းကြီးအင်းတို့ရှိကြသည်။ ပဲခူးတိုင်းဒေသကြီး၏ အပူချိန်မှာမြင့်ပြီးမိုးများသည်။




ပဲခူးတိုင်းဒေသကြီး၏ ပထဝီဝင်အချက်အလက်များပြပုံ

ဗမာလူမျိုးအများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်၍ ပြောင်း၊ မြေပဲ၊ နှမ်းနှင့်မြန်မာဆေးတို့ကိုလည်း စိုက်ပျိုးကြသည်။ ပဲခူးတိုင်းဒေသကြီးမှထွက်ရှိသော တွင်းထွက်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ဖြစ်ကြသည်။ ဆန်စက်များ၊ သကြားစက်များ၊ အထည်စက်ရုံ၊ အထပ်သားစက်ရုံ၊ စက္ကူစက်ရုံနှင့် ပန်းကန်စက်ရုံတို့ရှိကြသည်။

ပဲခူးတိုင်းဒေသကြီး၏မြို့တော်မှာ ပဲခူးမြို့ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်းနှင့် အထက်ပိုင်းတို့ကို ဆက်သွယ်ပေးထားသော မော်တော်ကားလမ်းနှင့် မီးရထားလမ်းများဖြတ်သန်းရာ တိုင်းဒေသကြီးဖြစ်သည်။ ရေလမ်းခရီးအတွက် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်အောက်ပိုင်းတို့တွင် သွားလာနိုင်သည်။ နဝဒေးတံတား (ဧရာဝတီမြစ်ကူးတံတား)ရှိသည်။

လုပ်ငန်း (၁) ပဲခူးတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို ဖော်ပြပါ။

လုပ်ငန်း (၂) ပဲခူးမြစ်သည် မည်သည့်တောင်မှ မြစ်ဖျားခံသနည်း။


လုပ်ငန်း (၃) ပြည်နှင့်ပေါင်းတည်မြို့များကို မည်သည့်လမ်းဖြင့် ဆက်သွယ်ထားသနည်း။

လုပ်ငန်း (၄) ပြည်မှသာယာဝတီမြို့သို့ မီးရထားဖြင့် ခရီးသွားလျှင် မည်သည့်မြို့များကို ဖြတ်သန်းသွားရသနည်း။

လုပ်ငန်း (၅) ပဲခူးတိုင်းဒေသကြီး၏ ထင်ရှားသောမြို့များကို ဖော်ပြပါ။

# အခန်း (၄)
# ကမ်းရိုးတန်းဒေသ
## ၁။ ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးပြည်နယ်ဖြစ်သည်။ ရခိုင်ရိုးမတောင်တန်းသည် အမြင့်ပေ ၃၀၀၀ ရှိကာ ကမ်းရိုးတန်းနှင့် မျဉ်းပြိုင်နီးပါးသွယ်တန်းလာပြီး တောင်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ စွန်တောင်သည် ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နတ်မြစ်၊ မယူမြစ်၊ ကုလားတန်မြစ်နှင့် လေးမြို့မြစ်တို့သည် မြောက်မှတောင်သို့ စီးဆင်းကြသည်။ မြစ်ကျွေ့လွင်ပြင်သည် အကျယ်ပြန့်ဆုံးဖြစ်ပြီး ဖရုံကာကျွန်း၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များစွာရှိသည်။ အပူချိန်များပြီး မိုးများသော ပြည်နယ်ဖြစ်သည်။




ရခိုင်ပြည်နယ်၏ ပထဝီဝင်အချက်အလက်များပြပုံ

ရခိုင်နှင့်ဗမာလူမျိုးအများဆုံးရှိပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်သည်။ ဆန်စပါးမှာ အဓိကစိုက်ပျိုးသီးနှံဖြစ်သည်။ ပင်လယ်ရေဝင်သော မြစ်ချောင်းကမ်းပါးများတစ်လျှောက်၌ ဓနိခြံများရှိသည်။ စစ်တွေမြို့တွင် ဆန်စက်ကြီးများရှိပြီး ကျောက်တော်မြို့၌ သကြားစက်နှင့် အရက်ချက်စက်ရုံရှိသည်။

ရခိုင်ပြည်နယ်၏မြို့တော်မှာ စစ်တွေမြို့ဖြစ်သည်။ တောင်ကုန်းထူထပ်သဖြင့် ကားလမ်းခရီး ခက်ခဲသည်။ စစ်တွေနှင့်ရန်ကုန် ကားလမ်းအဆက်အသွယ်ရှိသည်။ ရန်ကုန်မြို့မှ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေမြို့များသို့ ကမ်းရိုးတန်းသွားသင်္ဘောများ ပြေးဆွဲသည်။ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့တို့တွင် လေယာဉ်ကွင်းများရှိသည်။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ လူမှုစီးပွားရေးစသည်ဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာသည်။

လုပ်ငန်း(၁) ရခိုင်ပြည်နယ်သည် မည်သည့်နိုင်ငံ၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသနည်း။


လုပ်ငန်း(၂) စွန်တောင်သည် စစ်တွေမြို့၏ မည်သည့်အရပ်တွင်တည်ရှိသနည်း။

လုပ်ငန်း(၃) ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြောက်မှတောင်သို့ဖြတ်သန်းစီးဆင်းသော မြစ်များကို ဖော်ပြပါ။

လုပ်ငန်း(၄) ဓနိခြံများကို ရခိုင်ပြည်နယ်၌ မည်သည့်နေရာတွင် တွေ့ရသနည်း။

လုပ်ငန်း(၅) စစ်တွေမြို့နှင့်ရန်ကုန်မြို့ကို မည်ကဲ့သို့ဆက်သွယ်သွားလာနိုင်သနည်း။

လုပ်ငန်း(၆) အောက်ပါမြေပုံတွင် ကျွန်းအမည်များနှင့် မြို့အမည်များကို ဖြည့်ပေးပါ။



(က) ..............

(ခ) ..............

(ဂ) ..............


(ဃ) ..............

(င) ..............

(စ) ..............

## ၂။ ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ် တွင်တည်ရှိ၍ မြေပြန့်ပေါများသည်။ တိုင်း၏အနောက်ဘက်ဆုံးအပိုင်းတွင် ရခိုင်ရိုးမတောင်စွယ်များ တည်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မြစ်ခွဲ၊ ချောင်းခွဲများ ပေါများသည်။ ဧရာဝတီတိုင်းဒေသကြီး၏ အပူချိန်မှာ အသင့်အတင့်ဖြစ်ပြီး မိုးများသည်။




ဧရာဝတီတိုင်းဒေသကြီး၏ပထဝီဝင်အချက်အလက်များပြပုံ

ဗမာနှင့် ကရင် လူမျိုး အများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ဆန်စပါးသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂုန်လျှော်အများဆုံးစိုက်သော တိုင်းဒေသကြီးလည်းဖြစ်ပြီး မြေပဲ၊ ငရုတ်၊ ကြက်သွန်နှင့် အုန်းတို့ကိုလည်း စိုက်ပျိုးကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စက်အများဆုံးရှိပြီး မှန်စက်၊ အထပ်သားစက်၊ ဘိလပ်မြေစက်တို့လည်းရှိသည်။

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်မှာ ပုသိမ်မြို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မြစ်ချောင်းများ ပေါများသောကြောင့် ရေကြောင်းလမ်းကို အဓိကအသုံးပြုကြသည်။ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ မြောင်းမြတံတားတို့ရှိသည်။ မော်တော်ကားလမ်းနှင့် မီးရထားလမ်းများလည်းရှိသည်။ ပုသိမ်မြို့တွင် လေယာဉ်ကွင်းရှိသည်။


လုပ်ငန်း(၁) ဧရာဝတီတိုင်းဒေသကြီးနှင့် ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖော်ပြပါ။

လုပ်ငန်း(၂) ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးသီးနှံကို ဖော်ပြပါ။

လုပ်ငန်း(၃) မြောင်းမြမြို့သည် ပုသိမ်မြို့၏ မည်သည့်ဘက်တွင်တည်ရှိသနည်း။

လုပ်ငန်း(၄) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသော တံတားကြီးများကို ဖော်ပြပါ။

လုပ်ငန်း(၅) အောက်ပါမြေပုံတွင် မြို့အမည်များကို ဖြည့်ပေးပါ။



(က) ...............

(ခ) ...............

(ဂ) ...............

(ဃ) ...............


(င) ...............

(စ) ...............

(ဆ) ...............

# ၃။ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးသည် အလယ်ပိုင်းချိုင့်ဝှမ်း၏ တောင်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ ပဲခူးရိုးမသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ မြောက်မှတောင် သွယ်ဆင်းလာသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပဲခူးမြစ်၊ ငမိုးရိပ်ချောင်းနှင့် လှိုင်မြစ်တို့သည် ရန်ကုန်မြစ်အတွင်း စီးဆင်းသည်။ တွံတေးတူးမြောင်း၊ ဂျိုးဖြူရေလှောင်ကန်၊ လှော်ကားကန်၊ အင်းယားကန်တို့လည်းရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၏အပူချိန်မှာ အသင့်အတင့်ဖြစ်ပြီး မိုးများသည်။




ရန်ကုန်တိုင်းဒေသကြီး၏ ပထဝီဝင်အချက်အလက်များပြပုံ

ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသည်။ အဓိက စိုက်ပျိုးသော သီးနှံများမှာ ဆန်စပါး၊ ပြောင်းဖူး၊ မြေပဲ၊ နေကြာ၊ ပဲအမျိုးမျိုး စသည်တို့ ဖြစ်သည်။ ရန်ကုန်မြို့၏ တိုးချဲ့မြို့သစ်များ၌ စက်မှုဇုန်များဖွဲ့စည်း၍ စက်မှုလက်မှု လုပ်ငန်းမျိုးစုံ လုပ်ကိုင်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး၏ မြို့တော်မှာ ရန်ကုန်မြို့ဖြစ်သည်။ ပင်လယ်ကူး သင်္ဘောများ ဝင်ထွက်သွားလာနိုင်သော ဆိပ်ကမ်းမြို့ကြီးဖြစ်ပြီး သီလဝါဆိပ်ကမ်း လည်းရှိသည်။ ရန်ကုန်မြို့မှ မြန်မာနိုင်ငံအရပ်ရပ်သို့ မော်တော်ကားလမ်း၊ မီးရထား လမ်း၊ ရေကြောင်းလမ်း၊ လေယာဉ်လမ်းတို့ဖြင့် ဆက်သွယ်ထားသည်။

လုပ်ငန်း(၁) အလယ်ပိုင်းချိုင့်ဝှမ်း၏ တောင်ဘက်ဆုံးအပိုင်းတွင် မည်သည့်တိုင်းဒေသကြီး တည်ရှိသနည်း။

လုပ်ငန်း(၂) ရန်ကုန်မြစ်အတွင်း စီးဝင်သောမြစ်များကို ဖော်ပြပါ။


လုပ်ငန်း(၃) တိုးမြစ်နှင့် ရန်ကုန်မြစ်ကို ဆက်သွယ်ထားသော တူးမြောင်းကိုဖော်ပြပါ။

လုပ်ငန်း(၄) ကျိုက်မြူကန်နှင့် လှော်ကားကန်တို့သည် မည်သည့်မြစ်နှင့် မည်သည့်ချောင်း ကြားတွင် ရှိသနည်း။

လုပ်ငန်း(၅) ရန်ကုန်မြို့၏မြောက်ဘက်နှင့်တောင်ဘက်ရှိ မြို့ကြီးများကိုဖော်ပြပါ။

## ၄။ မွန်ပြည်နယ်

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသ၊ မုတ္တမပင်လယ်ကွေ့တွင် တည်ရှိသည်။ မွန်ပြည်နယ်အတွင်းတွင် ပေ ၁၅၀၀ အထိမြင့်မားသော တောင်တန်းများရှိပြီး ဇင်းကျိုက်ခေါင်၊ ကမ်းရိုးတန်းတောင်တန်း၊ တောင်ညိုတောင်တန်းတို့သည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည်။ စစ်တောင်းမြစ်ဝနှင့် သံလွင်မြစ်အကြားတွင် ကမ်းရိုးတန်းလွင်ပြင်ရှိသည်။ ဘီးလင်းမြစ်၊ သံလွင်မြစ်၊ ရေးမြစ်တို့သည် မွန်ပြည်နယ်ကိုဖြတ်၍ မုတ္တမကွေ့ထဲသို့ စီးဝင်သည်။ မွန်ပြည်နယ်၏ အပူချိန်မှာမြင့်ပြီး မိုးရေချိန်လည်းများသည်။




မွန်ပြည်နယ်၏ ပထဝီဝင်အချက်အလက်များပြပုံ


မွန်နှင့်ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်ပြီး ပီဇလာပီနံ၊ ကြံ၊ အုန်း၊ ဆီအုန်း၊ ကိုကိုး၊ သီဟိုဠ်သရက်၊ ရာဘာတို့ကိုလည်း စိုက်ပျိုးသည်။ ခနောက်စိမ်းကို မွန်ပြည်နယ်၌ တူးဖော်ရရှိသည်။ ပြည်နယ်အတွင်း နိုင်ငံပိုင်စက်ရုံများမှာ စစ်တောင်းစက္ကူစက်၊ ဘီးလင်းသကြားစက်၊ မုပွန်ပန်းကန်စက်၊ သံဖြူဇရပ်ရှိ ဒိုင်းနက်ရာဘာစက်၊ သထုံမြို့အနီးရှိ တာယာနှင့် ရာဘာပစ္စည်းစက်ရုံ စသည်တို့ဖြစ်သည်။ ယခင်က ဆည်တမံများမရှိခဲ့ပေ၊ ၂၀၁၀ ခုနှစ်တွင် ဆည်တမံ (၁၅) ခုရှိခဲ့ပြီဖြစ်သည်။ ယခင်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမရှိခဲ့ပေ။ ၂၀၁၀ ခုနှစ်တွင် ရေအားလျှပ်စစ်စက်ရုံတစ်ရုံရှိလာပြီဖြစ်သည်။

မွန်ပြည်နယ်၏မြို့တော်မှာ မော်လမြိုင်မြို့ဖြစ်သည်။ ပြည်နယ်အတွင်း၌ ပဲခူး-မုတ္တမမီးရထားလမ်း၊ မော်လမြိုင်-ရေး-ထားဝယ်မီးရထားလမ်းတို့ကို ဖောက်လုပ်ထားသည်။ ကားလမ်းများမှာ ပဲခူး-မုတ္တမကားလမ်း၊ မော်လမြိုင်-ရေး-ကော့သောင်းအထိ ကားလမ်းရှိသည်။ သံလွင်မြစ်တွင် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ဘားအံနှင့်ရွှေဂုန်းအထိ သင်္ဘောများ သွားလာနိုင်သည်။ သံလွင်မြစ်ကူးတံတား (မော်လမြိုင်) ရှိသည်။ မော်လမြိုင်မြို့နှင့် ရေးမြို့တို့တွင် လေယာဉ်ကွင်းများရှိသည်။

လုပ်ငန်း (၁) မွန်ပြည်နယ်နှင့်ထိစပ်နေသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို ဖော်ပြပါ။
လုပ်ငန်း (၂) သံလွင်မြစ်သည် မည်သည့်ပင်လယ်ထဲသို့ စီးဝင်သနည်း။
လုပ်ငန်း (၃) မွန်ပြည်နယ်မှထွက်ရှိသော သတ္တုအမည်ကို ဖော်ပြပါ။
လုပ်ငန်း (၄) မွန်ပြည်နယ်၏မြေပုံကိုကြည့်၍ မြို့အမည်နှင့်စက်ရုံအမည်များကို တွဲပြပါ။
လုပ်ငန်း (၅) မွန်ပြည်နယ်၏ ထင်ရှားသောမြို့များကို ဖော်ပြပါ။

## ၅။ တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းဆုံးတွင် တည်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် အမြင့်ဆုံးတောင်ထိပ်မှာ မြင့်မိုရ်လက်ခတ်တောင် ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၏ အဓိကမြစ်များမှာ ထားဝယ်မြစ်နှင့် တနင်္သာရီမြစ် တို့ဖြစ်ကြသည်။ ကမ်းလွန်ပင်လယ်ပြင်တွင် မြိတ်ကျွန်းစုရှိသည်။ တနင်္သာရီတိုင်းဒေသကြီး၏ အပူချိန်မှာ မြင့်ပြီး မိုးလည်းများသည်။




တနင်္သာရီတိုင်းဒေသကြီး၏ ပထဝီဝင်အချက်အလက်များ ပြပုံ

ဗမာ၊ ကရင် လူမျိုးများနှင့် မြိတ်ကျွန်းစုတွင် ဆလုံလူမျိုးများ အများဆုံးတွေ့ရသည်။ မြန်မာတစ်နိုင်ငံလုံး၏ ရာဘာစိုက်ဧကထက်ဝက်နီးပါးကို တနင်္သာရီတိုင်းဒေသကြီးတွင်တွေ့ရသည်။ အခြားစိုက်ပျိုးသီးနှံများမှာ ကွမ်းသီးပင်၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်စသည်တို့ဖြစ်ကြသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ခဲမဖြူနှင့် အဖြိုက်နက်သတ္တုအများဆုံးထွက်သည်။ မြိတ်ကျွန်းစုမှ ပုလဲထွက်သည်။ ထားဝယ်မြို့အနီးတွင် ခဲမဖြူသန့်စင်စက်ရုံရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၏မြို့တော်မှာ ထားဝယ်မြို့ဖြစ်သည်။ အရေးပါဆုံးမော်တော်ကားလမ်းမှာ မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းကို ဆက်သွယ်သော လမ်းဖြစ်သည်။ ထားဝယ်မြို့နှင့် မော်လမြိုင်မြို့ကို မီးရထားလမ်းဆက်သွယ်ထားသည်။ ရေလမ်းခရီးတွင် ပင်လယ်ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ရန်ကုန်မြို့မှ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ပြေးဆွဲလျက်ရှိသည်။ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များတွင် လေယာဉ်ကွင်း များရှိသည်။

လုပ်ငန်း (၁) မြင့်မိုရ်လက်ခတ်တောင်သည် မည်သည့်တိုင်းဒေသကြီးတွင်တည်ရှိသနည်း။

လုပ်ငန်း (၂) တနင်္သာရီတိုင်းဒေသကြီး၏ အဓိကမြစ်၊ ချောင်းများကို ဖော်ပြပါ။


လုပ်ငန်း (၃) တနင်္သာရီတိုင်းဒေသကြီး၌ မည်သည့်သတ္တုအများဆုံးထွက်သနည်း။

လုပ်ငန်း (၄) တနင်္သာရီတိုင်းဒေသကြီး၏ တောင်ဘက်ဆုံးတွင် မည်သည့်မြို့ တည်ရှိသနည်း။

လုပ်ငန်း (၅) တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မည်ကဲ့သို့ကူးသန်းသွားလာနိုင်သနည်း။

# အခန်း (၅)
# တောင်တန်းဒေသ
## ၁။ ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးပိုင်းတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင်ထိပ်ဖြစ်သော ခါကာဘိုရာဇီတောင်ထိပ်သည် ပေ ၁၉၂၉၆ နှင့် ဂမ်လမ်ရာဇီ ၁၉၁၄၂ ပေရှိသော တောင်ထိပ်များရှိကာ ဆီးနှင်းရေခဲများ အစဉ် ဖုံးလွှမ်းလျက်ရှိသည်။ မေခနှင့် မလိခမြစ်တို့သည် မြစ်ကြီးနား မြို့၏ မြောက်ဘက် ၂၈ မိုင်ခန့်အကွာ၌ ပေါင်းဆုံ၍ ဧရာဝတီမြစ်အဖြစ် တောင်ဘက်သို့ စီးဆင်းသွားသည်။ ကချင်ပြည်နယ်၏အကျယ်ဆုံးလွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် အင်းတော်ကြီးအိုင်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်းပတ်ဝန်းကျင်ဒေသများဖြစ်သည်။ကချင်ပြည်နယ်သည် အပူချိန်နည်းပြီး မိုးရေချိန်မှာ အတော်အသင့်များသည်။



ကချင်ပြည်နယ်၏ပထဝီဝင်အချက်အလက်များပြပုံ


ကချင်အုပ်စုဝင်လူမျိုးများနှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်ပြီး ပြောင်း၊ မြေပဲ၊ နှမ်း၊ ကြံတို့ကိုလည်း စိုက်ပျိုးကြသည်။ ကချင်ပြည်နယ်၌ ကျောက်စိမ်းနှင့်ပယင်းတူးဖော်ရရှိသည်။ ၂၀၁၀ ခုနှစ်တွင် ရေအားလျှပ်စစ်စက်ရုံ (၆) ရုံရှိသည်။ သကြားစက်၊ ဆန်စက်နှင့် သစ်စက်များလည်းရှိသည်။

ကချင်ပြည်နယ်၏ မြို့တော်မှာ မြစ်ကြီးနားမြို့ ဖြစ်သည်။ မြစ်ကြီးနားမြို့နှင့် မန္တလေးမြို့ကို မော်တော်ကားလမ်းများနှင့် ဆက်သွယ်ထားသည်။ ဗလမင်းထင်တံတားနှင့် တနိုင်းတံတားရှိသည်။ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအိုမြို့တို့တွင် လေယာဉ်ကွင်းများရှိသည်။

လုပ်ငန်း (၁) ကချင်ပြည်နယ်နှင့်ထိစပ်နေသော နိုင်ငံများကို ဖော်ပြပါ။
လုပ်ငန်း (၂) မေခနှင့်မလိခမြစ်တို့ ပေါင်းဆုံ၍ မည်သည့်မြစ်ကြီးဖြစ်ပေါ်လာသနည်း။
လုပ်ငန်း (၃) ကချင်ပြည်နယ်၌ တွေ့ရသောအဖိုးတန်တွင်းထွက်များကိုဖော်ပြပါ။
လုပ်ငန်း (၄) ကချင်ပြည်နယ်၌ မည်သည့်မြို့များတွင် လေယာဉ်ကွင်းရှိသနည်း။
လုပ်ငန်း (၅) ဗန်းမော်မြို့သည် မြစ်ကြီးနားမြို့၏ မည်သည့်ဘက်တွင် တည်ရှိသနည်း။

## ၂။ ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတွင် တည်ရှိသည်။ အရှေ့ဘက်ကုန်းမြင့်ဒေသတွင်ရှိ၍ တောင်ကုန်းတောင်တန်းထူထပ်ပြီး မြေပြန့်နည်းပါးသည်။ ရှမ်းပြည်နယ်၏အဓိကမြစ်ကြီးမှာ သံလွင်မြစ်ဖြစ်သည်။ အင်းလေးအိုင်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရှိသည်။ ရှမ်းပြည်နယ်၏အပူချိန်မှာနည်း၍ မိုးအသင့်အတင့်ရွာသွန်းသည်။




ရှမ်းပြည်နယ်၏ ပထဝီဝင်အချက်အလက်များပြပုံ

ရှမ်း၊ ရှမ်းအနွယ်ဝင်နှင့် အခြားတိုင်းရင်းသားများ နေထိုင်ကြသည်။ ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ လီဆူ၊ ဝ၊ အခါနှင့် အင်းသား စသည့်တိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသည်။ ဆန်စပါး၊ ဂျုံ၊ ပြောင်း၊ ကြံ၊ ပဲအမျိုးမျိုး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ လိမ္မော်သီး၊ လက်ဖက်နှင့် သစ်တော်သီးတို့ စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်မှ ငွေ၊ ခဲ၊ သွပ်၊ ခနောက်စိမ်း သတ္တုများ ထုတ်လုပ်သည်။

ရှမ်းပြည်နယ်၏မြို့တော်မှာ တောင်ကြီးမြို့ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၏မြို့တော်မှာ လားရှိုး၊ တောင်ပိုင်း၏မြို့တော်မှာ တောင်ကြီး၊ အရှေ့ပိုင်း၏မြို့တော်မှာ ကျိုင်းတုံမြို့တို့ဖြစ်ကြသည်။ ရှမ်းပြည်နယ်တွင် ကားလမ်း၊ မီးရထားလမ်း အများအပြားရှိပြီး ရေကြောင်းခရီးလမ်း နည်းပါးသည်။ လားရှိုး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် လေယာဉ်ကွင်းများရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့သည် သမိုင်းဝင်ဟောင်းရှားသောမြို့တစ်မြို့ဖြစ်သည်။

လုပ်ငန်း (၁) ရှမ်းပြည်နယ်သည် မည်သည့်နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသနည်း။

လုပ်ငန်း (၂) တောင်ကြီးမြို့မှ ကျိုင်းတုံကို ကားလမ်းဖြင့်သွားပါက မည်သည့်မြစ်များကို ဖြတ်ကူးရမည်နည်း။


လုပ်ငန်း (၃) တာချီလိတ်မြို့၏ တောင်ဘက်တွင် မည်သည့်နိုင်ငံရှိသနည်း။

လုပ်ငန်း (၄) အင်းလေးအိုင်မှ စီးထွက်လာသော ချောင်းအမည်ကို ဖော်ပြပါ။

လုပ်ငန်း (၅) ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ ထင်ရှားသောမြို့များကို ဖော်ပြပါ။

# ၃။ ကယားပြည်နယ်

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတွင်တည်ရှိသည်။ ရှမ်းပြည်နယ်နှင့် ဆက်စပ်နေသော ကုန်းမြင့်ဒေသဖြစ်သည်။ ကယားပြည်နယ်အတွင်းတွင် သံလွင်မြစ်၊ နမ့်ပွန်မြစ်၊ ဘီလူးချောင်းတို့ စီးဆင်းလျက်ရှိသည်။ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသော မြစအများစုသည် တောင်ကုန်းထူထပ်သော ဒေသကို ဖြတ်သန်းရသဖြင့် ရေစီးသန်သည်။ ကယားပြည်နယ်၏အပူချိန်မှာ မမြင့်မားလှပေ။ မိုးအသင့်အတင့်ရွာသွန်းသော ပြည်နယ်ဖြစ်သည်။





ကယားပြည်နယ်၏ ပထဝီဝင်အချက်အ လက်များပြပုံ

ကယားအနွယ်ဝင် လူမျိုးများနှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပြီး ပြောင်း၊ နှမ်း၊ မြေပဲတို့ကိုလည်း စိုက်ပျိုးကြသည်။ ကယားပြည်နယ်ရှိ မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက် စသည့်သတ္တုများ ထုတ်လုပ်သည်။ လွိုင်ကော်မြို့၌ ကျောက်ပြားစက်ရုံနှင့် ဘီလူးချောင်းပေါ်ရှိ လောပိတ ရေတံခွန်အနီး၌ လောပိတ (၁)၊ လောပိတ (၂) နှင့် လောပိတ (၃) ဟူ၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိသည်။ ၂၀၁၀ ခုနှစ်တွင် ဆည်တမံ ၃၂ ခုရှိသည်။

ကယားပြည်နယ်၏မြို့တော်သည် လွိုင်ကော်မြို့ဖြစ်သည်။ လွိုင်ကော်မြို့ကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နှင့် မော်တော်ကားလမ်း၊ မီးရထားလမ်းများဖြင့် ဆက်သွယ်ထားသည်။ ရန်ကုန်နှင့် ဟဲဟိုးမြို့များသို့လည်း လေယာဉ်ခရီးလမ်းရှိသည်။ လွိုင်ကော်မြို့တွင် လေယာဉ်ကွင်းရှိသည်။


လုပ်ငန်း (၁) ကယားပြည်နယ်သည် မည်သည့်ပြည်နယ်များနှင့်ထိစပ်နေသနည်း။
လုပ်ငန်း (၂) ကယားပြည်နယ်အတွင်း စီးဆင်းသော မြစ်၊ ချောင်းများကို ဖော်ပြပါ။
လုပ်ငန်း (၃) ကယားပြည်နယ်မှ တူးဖော်ရရှိသော သတ္တုများကိုဖော်ပြပါ။
လုပ်ငန်း (၄) ကယားပြည်နယ်၏ ထင်ရှားသောမြို့များကို ဖော်ပြပါ။
လုပ်ငန်း (၅) အောက်ပါမြေပုံတွင် မြို့အမည်များကို ဖြည့်ပေးပါ။



(က) ............
(ခ) ............
(ဂ) ............
(ဃ) ............
(င) ............
(စ) ............

# ၄။ ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ အမြင့်ပေ ၃၀၀၀ ခန့်ရှိသောဒေါနတောင်တန်းကြီးသည် ကရင်ပြည်နယ်အရှေ့ပိုင်းတွင် သွယ်တန်းလျက်ရှိသည်။ ကရင်ပြည်နယ်အတွင်းတွင် သံလွင်မြစ်၊ ယွန်းစလင်းမြစ်၊ သောင် ရင်းမြစ်၊ လှိုင်းဘွဲ့မြစ်၊ ဟောင်သရောမြစ်နှင့် ဂျိုင်းမြစ်တို့ စီးဆင်းကြသည်။ ကရင်ပြည်နယ်သည် အပူချိန်မြင့်ပြီး မိုးများသောပြည်နယ်ဖြစ်သည်။



ကရင်ပြည်နယ်၏ ပထဝီဝင်အချက်အလက်များပြပုံ

ကရင်လူမျိုးအများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်ပြီး နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ကြံ၊ ရော်ဘာ၊ အုန်းတို့ကိုလည်း စိုက်ပျိုးကြသည်။ ခနောက်စိမ်းသတ္တုကို ကရင်ပြည်နယ်တွင် အနည်းငယ်ထုတ်လုပ်သည်။ ကရင်ပြည်နယ်တွင် အများဆုံးတွေ့ရသော စက်မှုလုပ်ငန်းများမှာ ဆန်စက်၊ ဖွဲနုဆီစက်၊ ဘိလပ်မြေစက်၊ သစ်စက်တို့ဖြစ်ကြသည်။ အသေးစား ရေအားလျှပ်စစ်စက်ရုံမှာ ၂၀၁၀ ခုနှစ်တွင် ၈၉ ရုံရှိသည်။

ကရင်ပြည်နယ်၏မြို့တော်မှာ ဘားအံမြို့ဖြစ်သည်။ ဘားအံမြို့မှ မော်လမြိုင်၊ သထုံ၊ မြဝတီမြို့များသို့ ကားလမ်းအဆက်အသွယ်ရှိသည်။ သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် ဇမိမြစ်တို့တွင် ရေလမ်းခရီးသွားလာနိုင်သည်။ သံလွင်မြစ်ကူးတံတား (ဘားအံ)၊ ဂျိုင်းမြစ်ကူးတံတား၊ အတ္ထရံမြစ်ကူးတံတား၊ သောင် ရင်းမြစ်ကူးတံတားတို့ရှိသည်။ ဘားအံနှင့် ဖာပွန်မြို့တို့တွင် လေယာဉ်ကွင်းများရှိသည်။

လုပ်ငန်း (၁) ကရင်ပြည်နယ်၏အရှေ့ဘက်တွင် မည်သည့်နိုင်ငံတည်ရှိသနည်း။

လုပ်ငန်း (၂) လှိုင်းဘွဲမြစ်နှင့် ဟောင်သရောမြစ်တို့ ပေါင်းဆုံပြီး မည်သည့်မြစ်ဖြစ်လာသနည်း။


လုပ်ငန်း (၃) သောင်ရင်းမြစ်၏အရှေ့ဘက်တွင် မည်သည့်နိုင်ငံတည်ရှိသနည်း။

လုပ်ငန်း (၄) လှိုင်းဘွဲမြို့သည် ဘားအံမြို့၏ မည်သည့်ဘက်တွင်တည်ရှိသနည်း။

လုပ်ငန်း (၅) ကရင်ပြည်နယ်၏ ထင်ရှားသောမြို့များကို ဖော်ပြပါ။

# ၅။ ချင်းပြည်နယ်

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသည်။ ချင်းပြည်နယ်သည် တောင်ထူထပ်သော ဒေသဖြစ်၍ မြေပြန့်အလွန်နည်းပါးသည်။ အမြင့်ဆုံးတောင်ထိပ်မှာ (ပေ-၁၀၂၀၀) မြင့်သော ဝိတိုရိယ (ခေါ်) ခေါနုသုမ်တောင်ဖြစ်သည်။ ချင်းပြည်နယ်အတွင်းတွင် မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရ်မြစ်နှင့် ကုလားတန်မြစ်တို့သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိကြသည်။ ချင်းပြည်နယ်၏ အပူချိန်မှာနည်းပြီး မိုးများသည်။




ချင်းပြည်နယ်၏ပထဝီဝင်
အချက်အလက်များပြပုံ

ချင်းလူမျိုးများနှင့် အခြားတိုင်းရင်းသားများ နေထိုင်ကြသည်။ ချင်းပြည်နယ်၏ အဓိက စိုက်ပျိုးသီးနှံမှာ တောင်ယာစပါးဖြစ်ပြီး ပြောင်း၊ လူး၊ ဆပ်၊ ကော်ဖီ၊ ပိုးစာပင်နှင့် ပန်းသီးပင်တို့ကိုလည်းစိုက်ပျိုးကြသည်။ လက်ဖက်ပြည်နယ် ဖြစ်ရမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လက်ဖက်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလာပြီ ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံ (၁၀) ရုံရှိသည်။ အိမ်သုံးအတွက် ဂျပ်ခုတ်အဝတ်အထည်ရက်ခြင်းကို အိမ်တိုင်းလိုလို ပြုလုပ်ကြသည်။

ချင်းပြည်နယ်၏မြို့တော်မှာ ဟားခါးမြို့ဖြစ်သည်။ အဓိကမော်တော်ကားလမ်းများမှာ ဟားခါး-ဖလမ်း-တီးတိန်-တွန်းဇံလမ်းဖြစ်ပြီး ဤလမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကို ဆက်သွယ်ထားသည်။ ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းအပြင် မင်းတပ်-မတူပီ-ပလက်ဝမြို့ထိ မော်တော်ကားလမ်းရှိသည်။

လုပ်ငန်း (၁)　ချင်းပြည်နယ်၏အမြင့်ဆုံးတောင်ထိပ်အမည်ကိုဖော်ပြပါ။

လုပ်ငန်း (၂)　မဏိပူရ်မြစ်နှင့် ကုလားတန်မြစ်တို့သည် မည်သည့်ဘက်မှမည်သည့်ဘက်သို့ စီးဆင်းကြသနည်း။

လုပ်ငန်း (၃)　ချင်းပြည်နယ်သည် အဘယ်ကြောင့် အပူချိန်နည်းသနည်း။

လုပ်ငန်း (၄)　ချင်းပြည်နယ်၏ အဓိက မော်တော်ကားလမ်းများကို ဖော်ပြပါ။

# အခန်း (၆)
# အရပ်ရှစ်မျက်နှာနှင့် တည်နေရာကို လေ့လာခြင်း

**အရပ်မျက်နှာရှာဖွေနည်း**


အရပ်မျက်နှာကို နည်းသုံးနည်းဖြင့် ရှာဖွေနိုင်သည်။

## (၁) နေဖြင့်ရှာဖွေနည်း

နေထွက်ရာအရပ်သည် အရှေ့အရပ်၊ နေဝင်ရာအရပ်သည် အနောက်အရပ်ဖြစ်သည်။ နေထွက်ရာအရပ်ကို မျက်နှာမူ၍ လက်နှစ်ဖက်ကို ဆန့်တန်းလျှင် မျက်နှာမူရာအရပ်သည် အရှေ့၊ ကျောခိုင်းရာအရပ်သည် အနောက်၊ လက်ယာဘက်သည် တောင်၊ လက်ဝဲဘက်သည် မြောက်အရပ်ဖြစ်သည်။

## (၂) ကြယ်ဖြင့်ရှာဖွေနည်း


မူဝံကြယ်သည်မြောက်အရပ်၌အစဉ်တည်ရှိသည်။ မူဝံကြယ်ကိုရှာရန်ပထမဦးစွာ ခုနစ်စဉ်ကြယ်ကိုရှာပါ။ ခုနစ်စဉ်ကြယ်၏ ထိပ်ဆုံးကြယ်နှစ်လုံးသည် မူဝံကြယ်နှင့်တစ်တန်းတည်းရှိသည်။ မြောက်အရပ်ကိုသိလျှင် ကျန်အရပ်များကို သိနိုင်သည်။



မူဝံကြယ်ပုံ

## (၃) သံလိုက်အိမ်မြှောင်ဖြင့်ရှာဖွေနည်း

ကွန်ပတ်စ်ခေါ် သံလိုက်အိမ်မြှောင်တွင် နာရီဒိုင်ခွက်ကဲ့သို့ ဒိုင်ခွက်နှင့်သံလိုက်အိမ်မြှောင်လက်တံတစ်ခုပါသည်။ ဒိုင်ခွက်တွင် အရပ်မျက်နှာ ဆယ့်ခြောက်မျက်နှာအထိ အသေးစိတ်ပြထားသည်။ သံလိုက်ဓာတ်ထည့်ထားသော လက်တံသည် မြောက်အရပ်ကို အစဉ်ညွှန်ပြသည်။ မြောက်အရပ်ကိုသိလျှင်ကျန်အရပ်များကို အလွယ်တကူသိနိုင်သည်။




သံလိုက်အိမ်မြှောင်ပုံ

လုပ်ငန်း (၁) နေဖြင့်ရှာဖွေနည်းအရ အရပ်လေးမျက်နှာကိုရှာပြီး သင်တို့၏ကျောင်းသည် မည်သည့်ဘက်သို့ မျက်နှာမူနေကြောင်းပြောပါ။

လုပ်ငန်း (၂) သင်တို့ကျောင်းဝင်း၏ ပတ်ဝန်းကျင်အရပ်လေးမျက်နှာ၌ မည်သည့် အဆောက်အအုံ (သို့မဟုတ်)လမ်း စသည်တို့ရှိသည်ကို ပြောပါ။

လုပ်ငန်း (၃) ညအခါ ဓူဝံကြယ်ဖြင့် အရပ်မျက်နှာရှာဖွေကြည့်ပါ။

လုပ်ငန်း (၄) သံလိုက်အိမ်မြှောင်ကိုမြင်ဖူးပါသလား။ မည်သည့်နေရာတွင် မြင်ဖူးကြောင်း ပြောပါ။

လုပ်ငန်း (၅) သင်တို့၏ကျောင်းတွင် သံလိုက်အိမ်မြှောင်ရှိလျှင် သံလိုက်အိမ်မြှောင်ဖြင့် အရပ်မျက်နှာရှာကြည့်ပါ။

**အရပ်ရှစ်မျက်နှာ**

အရပ်လေးမျက်နှာကိုသိရှိပါက ၎င်းတို့ကြားရှိ အရပ်မျက်နှာများကိုပါ ထည့်သွင်းပြီး အရပ်ရှစ်မျက်နှာကို သိနိုင်သည်။

အရှေ့အရပ်နှင့် တောင်အရပ်ကြားအရပ်ကို အရှေ့တောင်အရပ်ဟု ခေါ်သည်။


**သို့ဖြစ်လျှင်-**

**လုပ်ငန်း (၆)** (က) အရှေ့အရပ်နှင့်မြောက်အရပ်ကြားအရပ်ကို . . . . . . . . . . . .


(ခ) အနောက်အရပ်နှင့်တောင်အရပ်ကြားအရပ်ကို . . . . . . . . . .

(ဂ) အနောက်အရပ်နှင့်မြောက်အရပ်ကြားအရပ်ကို . . . . . . . . . .
ဟုခေါ်သည်။

လုပ်ငန်း (၇) အောက်ပါအရပ်မျက်နှာအညွှန်းပြပုံတွင် အရပ်မျက်နှာအခေါ် အဝေါ် များကို အတိုကောက်စာလုံးဖြင့် ဖြည့်စွက်ပါ။



အရပ်လေးမျက်နှာအညွှန်းပြပုံ





အရပ်ရှစ်မျက်နှာအညွှန်းပြပုံ

လုပ်ငန်း(၈) စာရွက်တစ်ရွက်ပေါ် တွင် စက်ဝိုင်းပုံတစ်ပုံရေးဆွဲပြီး စက်ဝိုင်းကိုဖြတ်ယူပါ။ စက်ဝိုင်းကို ပထမထက်ဝက်ချိုးခေါက်ပါ။ ဒုတိယထက်ဝက်ချိုးခေါက်ပြီး နောက် တတိယထက်ဝက်ချိုးခေါက်ပြီး ဖြန့်လိုက်ပါ။ အရပ်ရှစ်မျက်နှာအခေါ် အဝေါ် များကို မှတ်သားပါ။ ထိုစက်ဝိုင်းကို ဂျပ်စက္ကူတစ်ခုပေါ် တွင်ကပ်ပြီး ဖြတ်လိုက်ခြင်းဖြင့် အရပ်ရှစ်မျက်နှာအညွှန်းပြကားချပ်တစ်ခုပြုလုပ်ပါ။

လုပ်ငန်း(၉) ထိုအရပ်မျက်နှာအညွှန်းပြကားချပ်ကို သင်တို့စာသင်ခန်းအလယ်တွင်ချပါ။ ကားချပ်ကိုအသုံးပြု၍ စာသင်ခန်းအတွင်း အရပ်ရှစ်မျက်နှာရှိ ပစ္စည်းများ ကိုပြောပါ။

**စနစ်ပုံ၊ မြေပုံတွင် အရပ်မျက်နှာနှင့်တည်နေရာကို ရှာဖွေခြင်း**

အရာဝတ္ထုများကို အပေါ် တည့်တည့်မှငုံ့ကြည့်လျှင် မြင်ရသည့်အတိုင်း ရေးဆွဲထားသော ပုံမျိုးကို စနစ်ပုံဟုခေါ် သည်။ မြေပုံသည် စနစ်ပုံမျိုးဖြစ်သည်။ ကျယ်ပြန့်သော မြေနေရာများကို အချိုးကျချုံ့၍ မြေပုံရေးဆွဲနိုင်သည်။ အညွှန်းအမှတ်အသားကိုကြည့်၍ စနစ်ပုံ/ မြေပုံတွင် အရပ်မျက်နှာရှာဖွေနိုင်သည်။ အညွှန်းပြပုံဖော်ပြမထားပါက စာရွက်၏ ထိပ်ပိုင်းကို မြောက်အရပ်ဟု သတ်မှတ်နိုင်သည်။




စာသင်ခန်း၏ စနစ်ပုံ

F 10 B

လုပ်ငန်း (၁၀) ပေးထားသောစာသင်ခန်း၏ စနစ်ပုံကိုလေ့လာပြီး အောက်ပါတို့ကို ဖြေဆိုပါ။

(က) ဗိုရှိသည် စာသင်ခန်း၏ .................... အရပ်တွင်ရှိသည်။


(ခ) ရေအိုးသည် စာသင်ခန်း၏ ................ အရပ်တွင်ရှိသည်။

(ဂ) အမှိုက်ပုံးသည် စာသင်ခန်း၏ ............ အရပ်တွင်ရှိသည်။

(ဃ) ဆရာ့စားပွဲသည် စာသင်ခန်း၏ ............ အရပ်တွင်ရှိသည်။

လုပ်ငန်း (၁၁) သင်တို့ကျောင်းဝင်း၏ စနစ်ပုံကြမ်းကို ရေးဆွဲပါ။

လုပ်ငန်း (၁၂) ပေးထားသော ကျောင်းတည်ရှိရာအရပ်၏ စနစ်ပုံကိုလေ့လာပြီး အောက်ပါ တို့ကိုဖြေပါ။




ကျောင်းတည်ရှိရာ အရပ်၏စနစ်ပုံ

(က) တောင်နှင့်မြောက်သွယ်တန်းနေသောလမ်းမကြီးမည်မျှရှိသနည်း။ အမည်များကို ရေးပါ။

(ခ) အရှေ့နှင့်အနောက်သွယ်တန်းနေသောလမ်းမကြီးမည်မျှရှိသနည်း။အမည်များကို ရေးပါ။

(ဂ) ကျောင်းသည်မည်သည့်လမ်းများဆုံရာတွင်ရှိသနည်း။

(ဃ) ဈေးသည်ကျောင်းတည်ရှိရာအရပ်၏မည်သည့်အရပ်မျက်နှာတွင်ရှိသနည်း။


(င) ဆေးရုံသည် ကျောင်း၏မည်သည့်ဘက်တွင်ရှိသနည်း။

(စ) အားကစားကွင်းသည် ကျောင်း၏မည်သည့်ဘက်တွင်ရှိသနည်း။

(ဆ) ကျောင်းသည် စာတိုက်၏မည်သည့်ဘက်တွင်ရှိသနည်း။

10 A

လုပ်ငန်း (၁၃)   ပေးထားသောရုပ်ပုံကိုသေချာစွာလေ့လာ၍အောက်ပါတို့ကိုဖြေဆိုပါ။



(က) အရှေ့တောင်ဘက်အရပ်သို့သွားပါက မည်သည့်တိရစ္ဆာန်ကို မြင်တွေ့ရမည်နည်း။

(ခ) အနောက်တောင်ဘက်အရပ်သို့သွားပါက မည်သည့်တိရစ္ဆာန်ကို မြင်တွေ့ရမည်နည်း။

(ဂ) ကျားသည် သင်၏မည်သည့်အရပ်မျက်နှာ၌ တည်ရှိသနည်း။

(ဃ) ဝက်ဝံကို တွေ့မြင်ရမည့်အရပ်မျက်နှာကို ဖော်ပြပါ။


(င) အကြီးဆုံးကုန်းသတ္တဝါတည်ရှိရာ အရပ်မျက်နှာကို ဖော်ပြပါ။

(စ) အနောက်ဘက်သို့သွားပါက မည်သည့်တိရစ္ဆာန်ကို တွေ့ရမည်နည်း။

(ဆ) မြောက်ဘက်၌ မည်သည့်တိရစ္ဆာန်ရှိသနည်း။

(ဇ) သစ်ကုလားအုပ်ကိုကြည့်လိုပါက မည်သည့်အရပ်မျက်နှာသို့ သွားရောက်ရမည်နည်း။

လုပ်ငန်း (၁၄)  မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်မြေပုံကို လေ့လာပြီး အောက်ပါတို့ကိုဖြေဆိုပါ။




(က) မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် မည်သည့်ပြည်နယ်ရှိသနည်း။

(ခ) ချင်းပြည်နယ်သည် မကွေးတိုင်းဒေသကြီး၏ မည်သည့်ဘက်တွင်ရှိသနည်း။

(ဂ) ရန်ကုန်တိုင်းဒေသကြီးသည် ပဲခူးတိုင်းဒေသကြီး၏မည်သည့်ဘက်တွင်ရှိသနည်း။

(ဃ) မန္တလေးတိုင်းဒေသကြီးနှင့်ထိစပ်နေသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို အရပ်မျက်နှာနှင့်တကွ ဖော်ပြပါ။

# အခန်း (၇)
# မိုးလေဝသအခြေအနေများကို လေ့လာခြင်း




လုပ်ငန်း (၁) ပေးထားသောပုံကို လေ့လာ၍ ထိုပုံများအကြောင်း အနည်းဆုံး ဝါကျ သုံးကြောင်း ပါဝင်အောင်ရေးပါ။

မိုးလေဝသဆိုသည်မှာ တိုတောင်းသောကာလအတွင်းဖြစ်ပေါ်သော ပူခြင်း၊ အေးခြင်း၊ နေသာခြင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်း စသည်တို့ကိုခေါ်ဆိုသည်။ 'မိုးလေဝသ' ဟူသော အသုံးအနှုန်းကို သင်ကြားဖူးပါသလား။ မည်သည့်နေရာများတွင် မြင်ဖူးကြားဖူး ပါသနည်း။

**လေ၏အပူချိန်**

လေသည် အပူကိုနေမှရသည်။ လေ၏အပူချိန်ကို သာမိုမီတာခေါ် အပူချိန်တိုင်းပြဒါးတိုင်ဖြင့်တိုင်းသည်။ အပူချိန်ကို ဖာရင်ဟိုက်ဒီဂရီ သို့မဟုတ် စင်တီဂရိတ်ဒီဂရီဖြင့်ဖော်ပြနိုင်သည်။ ဖာရင်ဟိုက်ဒီဂရီတွင် ရေဆူအမှတ်သည် ၂၁၂ ဒီဂရီ ဖြစ်၍ ရေခဲအမှတ်သည် ၃၂ ဒီဂရီဖြစ်သည်။ စင်တီဂရိတ် ဒီဂရီတွင် ရေဆူအမှတ်သည် ၁၀၀ ဒီဂရီဖြစ်၍ ရေခဲအမှတ်သည် သုညဒီဂရီဖြစ်သည်။




ပြဒါးတိုင်ပုံ


MCRS
Reference
Library

လုပ်ငန်း(၂) သင်တို့ကျောင်းတွင် အပူချိန်တိုင်းကိရိယာရှိလျှင် ကျောင်းပတ်ဝန်းကျင်၏ အပူချိန်ကို ကိရိယာတွင်ကြည့်ပြီး နေ့စဉ်မှတ်သားပါ။


လုပ်ငန်း(၃) သင်တို့ကျောင်းသည် မည်သည့်တိုင်းဒေသကြီး/ပြည်နယ်တွင် တည်ရှိသနည်း။ မိုးလေဝသသတင်းကို နားထောင်၍ ကျောင်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်၏ အပူချိန်ကို ပြောပြပါ။

## လေတိုက်ခြင်း

ပူသောလေသည် အထက်သို့တက်သည်။ တက်သွားသည့်လေပူနေရာသို့ ဘေးမှ လေအေးများက တိုးဝင်လာသည်။ ၎င်းကိုလေတိုက်ခြင်းဟုခေါ်သည်။ လေလာရာအရပ်ကို အစွဲပြု၍ တောင်လေ၊ မြောက်လေ စသည်ဖြင့်ခေါ်ဝေါ်သည်။ တောင်ဘက်အရပ်မှ တိုက်သော လေကို တောင်လေဟုခေါ်သည်။ လေမည်သည့်အရပ်က တိုက်ကြောင်း လေညွှန်တံကိရိယာ၏ မြားဦးကို ကြည့်နိုင်သည်။ လေတိုက်နှုန်းကို တစ်နာရီလျှင် တိုက်ခတ်သည့်မိုင်နှုန်းဖြင့် ပြလေ့ရှိသည်။ လေတိုက်ခတ်နှုန်းကို လေဟုန်တိုင်းကိရိယာဖြင့် တိုင်းတာရသည်။




လေညွှန်တံပုံ




လေဟုန်တိုင်းကိရိယာပုံ

လေတိုက်ခတ်သည့်နှုန်းအလိုက်လေကိုအောက်ပါအတိုင်းခေါ်ဝေါ်ကြသည်။

| တစ်နာရီလေတိုက်နှုန်း | လေ | ပတ်ဝန်းကျင်အခြေအနေ |
|---|---|---|
| ၅ မိုင်အောက် | လေငြိမ် | လေတိုက်သည်ဟုမထင်ရ၊ လေငြိမ်နေသည်။ မီးခိုးများ အပေါ်တည့်တည့်တက်သည်။ |
| ၅ မိုင်မှ ၁၀ မိုင် | လေပြည် | သစ်ရွက်များလှုပ်ရှားသည်။ အလံလှုပ်ရှားသည်။ |
| ၁၀ မိုင်မှ ၂၀ မိုင် | လေညင်း | ရေပြင်တွင်လှိုင်းကလေးများ ထသည်။ သစ်ကိုင်းငယ်များ၊ သစ်ပင်ငယ်များ လှုပ်ရှားယိမ်းယိုင်သည်။ |
| ၂၀ မိုင်မှ ၄၀ မိုင် | လေထန် | လှိုင်းအနည်းငယ်ကြီးလာသည်။ သစ်ကိုင်းကြီးများလှုပ်သည်။ |
| ၄၀ မိုင်မှ ၆၀ မိုင် | မုန်တိုင်း | ကျိုးကျသည်။ လှိုင်းကြီးလာသည်။ အိမ်ခေါင်မိုးများကွာထွက်သည်။ အချို့တဲအိမ်များပြိုလဲသည်။ သစ်ကိုင်းများကျိုးကျသည်။ |
| ၆၀ မိုင်နှင့်အထက် | မုန်တိုင်းကြီး | တစ်ခါတစ်ရံသစ်ပင်များလဲကျသည်။ အဆောက်အအုံအချို့ပျက်စီးသည်။ သစ်ပင်များ အမြစ်မှကျွတ်ထွက်သည်။ ပင်လယ်တွင်းအလွန်ကြီးမားသော လှိုင်းကြီးများ ဖြစ်လာသည်။ |

လုပ်ငန်း(၄) ကျောင်းတွင်ရှိသည့် လေညွှန်တံကို ကျောင်းဝင်းအတွင်းထုတ်ယူကာ လေတိုက်ခတ်ရာအရပ်ဒေသကို လေ့လာမှတ်သားပါ။




လေညွှန်တံ နမူနာပုံ

လုပ်ငန်း(၅) လေညွှန်တံ ကျောင်းတွင်အသင့်မရှိပါက လွယ်ကူသောလေညွှန်တံကို နမူနာ ပုံအတိုင်း ပြုလုပ်စမ်းသပ်ပါ။

တိမ်များ


နေပူရှိန်ကြောင့် ရေပြင်မှရေအချို့သည် ရေငွေ့များဖြစ်သွားသည်။ ရေငွေ့သည်ပူနွေး၍ အထက်ကောင်းကင်သို့တက်သည်။ ရေငွေ့ပါသောလေများ တဖြည်းဖြည်း အေးလာသောအခါ ရေငွေ့မှရေမှုန်ဖြစ်လာသည်။ ရေမှုန်ကလေးများ တဖြည်းဖြည်းစုပေါင်း၍ တိမ်ဖြစ်လာသည်။ တိမ်များသည် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲသွားကြသည်။ တိမ်အချို့သည် ဖြူဖွေးပြီး ဝါဂွမ်းပုံကြီးကဲ့သို့ စုပုံနေသည်။ အချို့က ဖြောင့်စင်းပြီး အထပ်ထပ်ဖြစ်နေသည်။ အချို့က ကောင်းကင်အမြင့်တွင်ရှိပြီး အချို့က ညိုမည်းကာ ခပ်နိမ့်နိမ့်တွင်ရှိသည်။




တိမ်ပုံ

မိုးရွာခြင်း


တိမ်တိုက်ရှိ ရေမှုန်ကလေးများ စုပေါင်း၍ ကြီးလာသောအခါ ရေစက်ကလေးများ အဖြစ် ပြောင်းလဲသွားပြီး မိုးရွာချသည်။ မိုးရေချိန်ကို မိုးရေချိန်တိုင်းကိရိယာဖြင့် တိုင်းပြီး လက်မ သို့မဟုတ် မီလီမီတာဖြင့်ပြသည်။



မိုးရေချိန်တိုင်းကိရိယာပုံ




လက်တွေ့မိုးရေချိန်တိုင်းတာပုံ




မိုးရွာပုံ

လုပ်ငန်း (၆) မိုးရေချိန်တိုင်းကိရိယာ တစ်ခုပြုလုပ်ပါ။

လိုအပ်သောပစ္စည်း

- အထက်အောက် တစ်ညီတည်းရှိသည့်သံပုံး၊ သံခွက်(သို့မဟုတ်) ဖန်ခွက်တစ်ခွက်၊ ပေတံတစ်ချောင်း

အသုံးပြုပုံ

- မိုးရွာသွန်းချိန်တွင် သံခွက်(သို့မဟုတ်) ဖန်ခွက်ကို အမိုးအကာ မရှိသော ကွင်းပြင်တွင် ချထားပါ။
- ရရှိသော ရေအနက်ကို ပေတံဖြင့်တိုင်းပါ။

လုပ်ငန်း(၇) ဝဲဘက်တွင်ဖော်ပြထားသော မိုးလေဝသအခြေအနေများနှင့်ဆီလျော်သည့် ဝါကျများကို ရွေးချယ်ယှဉ်တွဲပါ။

| | |
|---|---|
| အပူချိန်မြင့်တက်သောရက်များ | - မိတ်ဖုများထွက်တတ်သည်။<br>- ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသည်။<br>- သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်သည်။<br>- ပွပွ ချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။ |
| မိုးရွာသောရက်များ | - အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကို မြေဖို့ပါ။<br>- နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း မြစ်ဆိပ်ကမ်းတွင် ရေချိုးခြင်းမှရှောင်ကြဉ်ပါ။ |

လုပ်ငန်း(၈) လူတိုင်းသည် မိုးလေဝသအခြေအနေအရ နေထိုင်စားသောက်တတ်ရန် လိုသည်။ မည်သည့်လုပ်ငန်း လုပ်ကိုင်သူများသည် မိုးလေဝသ အခြေအနေကို လေ့လာရန် အထူးလိုအပ်ပါသနည်း။ အဘယ်ကြောင့်နည်း။

လုပ်ငန်း(၉) 'တော်သလင်းနေ၊ပုစွန်သေ' ဟူသောစကားသည် မိုးလေဝသနှင့် ပတ်သက်သော မြန်မာဆိုရိုးစကားတစ်ခုဖြစ်သည်။ အခြားဆိုရိုးစကားများ ကြားဖူးပါက ဖော်ပြပါ။


လုပ်ငန်း (၁၀) မိမိတို့ပတ်ဝန်းကျင်၏ မိုးလေဝသအခြေအနေကို ကိရိယာမပါဘဲ လေ့လာပြီး အောက်ပါအတိုင်း အကြမ်းဖျင်းဖော်ပြနိုင်သည်။

| နေ/တိမ် | မိုး | လေ |
|---|---|---|
| နေသာ<br>တိမ်အသင့်အတင့်<br>တိမ်ထူ | မိုးနည်း<br>မိုးအသင့်အတင့်<br>မိုးများ | လေငြိမ်<br>လေပြည်<br>လေညင်း<br>လေထန်<br>မုန်တိုင်း<br>မုန်တိုင်းကြီး |

မိမိတို့ကျောင်းပတ်ဝန်းကျင်၏ မိုးလေဝသအခြေအနေကို အောက်ပါဇယားတွင် ထည့်သွင်းမှတ်တမ်းတင်ပါ။

| ရက် | မိုးလေဝသအခြေအနေ | | |
|---|---|---|---|
| | နေ/တိမ် | မိုး | လေ |
| တနင်္လာ | | | |
| အင်္ဂါ | | | |
| ဗုဒ္ဓဟူး | | | |
| ကြာသပတေး | | | |
| သောကြာ | | | |

မိုးလေဝသဌာနသည် လက်ရှိ မိုးလေဝသ အခြေအနေကို ထုတ်ပြန်ရုံသာမက မိုးလေဝသ ခန့်မှန်းချက်များကိုလည်း ထုတ်ပြန်သည်။ မိုးလေဝသခန့်မှန်းရာတွင် အောက်ပါ သင်္ကေတများကို အသုံးပြုသည်။








သင်္ကေတပုံ


လုပ်ငန်း (၁၁) ပေးထားသော မြန်မာနိုင်ငံတိုင်းဒေသကြီး/ပြည်နယ်အချို့၏ မိုးလေဝသ ခန့်မှန်းချက်ကို လေ့လာပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) အများဆုံးနှင့်အနည်းဆုံးအပူချိန်စင်တီဂရိတ်များကိုဖော်ပြပါ။
(ခ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်သည် အပူချိန်အများဆုံးဖြစ်သနည်း။
(ဂ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်သည် အပူချိန်အနည်းဆုံးဖြစ်သနည်း။
(ဃ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာသနည်း။
(င) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်၌ သာယာသနည်း။
(စ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်၌ တိမ်အနည်းငယ်ရှိသနည်း။
(ဆ) မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်၏ မိုးလေဝသကို နှိုင်းယှဉ်ပါ။

## မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်အချို့၏ မိုးလေဝသခန့်မှန်းချက်

| တိုင်းဒေသကြီး/ပြည်နယ် | မိုးလေဝသခန့်မှန်းချက် | အမြင့်ဆုံးအပူချိန် |
|---|---|---|
| ကချင်ပြည်နယ် |  | 28°C |
| ကယားပြည်နယ် |  | 29°C |
| မွန်ပြည်နယ် |  | 30°C |
| ရခိုင်ပြည်နယ် |  | 32°C |
| မန္တလေးတိုင်းဒေသကြီး |  | 33°C |
| မကွေးတိုင်းဒေသကြီး |  | 34°C |
| ရန်ကုန်တိုင်းဒေသကြီး |  | 30°C |
| ဧရာဝတီတိုင်းဒေသကြီး |  | 31°C |

# အခန်း (၈)
# မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နယ်ချဲ့




ပထမနှင့်ဒုတိယကျူးကျော်စစ်အပြီးဆုံးရှုံးခဲ့သောနယ်များ

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ အဖိုးတန် မြေပေါ်မြေအောက်ပစ္စည်းများကို မတရားရယူလိုသောစိတ်ဖြင့် ကျူးကျော်စစ်သုံးကြိမ်ပြုကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ပထမကျူးကျော်စစ်အပြီးတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို သိမ်းယူခဲ့သည်။ ဒုတိယကျူးကျော်စစ်အပြီးတွင် အောက်မြန်မာနိုင်ငံကို သိမ်းယူခဲ့သည်။ အင်္ဂလိပ်တို့သည် ရလေလိုလေဖြစ်လာကာ ကျန်သေးသည့် မြန်မာမင်းပိုင် အထက်မြန်မာနိုင်ငံကိုပါ သိမ်းယူရန် အကြောင်းရှာလာကြသည်။

အင်္ဂလိပ်တို့က အကြောင်းပြကောင်းမည့်အချက်ကို ရှာဖွေနေစဉ် ဘုံဘေဘားမား သစ်ကိစ္စ ပေါ်ပေါက်လာခဲ့သည်။ ဘုံဘေဘားမားကုမ္ပဏီသည် မြန်မာသစ်တောများမှ ထုတ်ယူသောသစ်လုံးရေကို မှန်ကန်စွာစာရင်းမပြဘဲ ထိမ်ချန်ထားသဖြင့် မြန်မာ့လွှတ်တော်က ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

စင်စစ်အားဖြင့် သစ်ကိစ္စသည် သာမန်ပြဿနာသာ ဖြစ်သော်လည်း အင်္ဂလိပ်တို့အဖို့ အခွင့်ကောင်းတစ်ခု ဖြစ်သွားခဲ့သည်။ အင်္ဂလိပ်တို့သည် အချက်ငါးချက်ပါသော ရာဇသံကို မြန်မာမင်းထံ ပေးပို့လိုက်ပြီး မြန်မာတို့ဘက်မှ ငြင်းပယ်သည်နှင့်တစ်ပြိုင်နက် အထက်မြန်မာ နိုင်ငံကို သိမ်းယူရန် စစ်တပ်များကို ပြင်ဆင်ထားခဲ့သည်။

မြန်မာအစိုးရသည် တတ်နိုင်သမျှလိုက်လျော၍ ရာဇသံကိုပြန်ကြားခဲ့သည်။ သို့သော်လည်း အထက်မြန်မာနိုင်ငံကို သိမ်းယူရန် ဆုံးဖြတ်ထားပြီးဖြစ်သော အင်္ဂလိပ်တို့ သည် မြန်မာတို့၏ အကြောင်းပြန်ကြားချက်ကို လက်မခံတော့ဘဲ နိုင်ငံသိမ်းစစ်ပွဲကို စတင် ဆင်နွှဲခဲ့ပေသည်။ ဗိုလ်ချုပ်ပရင်ဒါဂတ် ဦးဆောင်သော အင်္ဂလိပ်တပ်များသည် ၁၈၈၅ နိုဝင်ဘာ ၁၄ တွင် ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေးသို့ချီတက်လာခဲ့သည်။ မြန်မာတို့က ရဲဝံ့စွာ အသက်စွန့်၍ တွန်းလှန်ကြသော်လည်း လက်နက်အင်အား ကွာခြားလှသဖြင့် အင်္ဂလိပ်တို့၏ ကျူးကျော်မှုကို တားဆီးနိုင်ခြင်းမရှိချေ။ ထို့ကြောင့် အင်္ဂလိပ်တပ်များ နိုဝင်ဘာ လ ၂၈ ရက်တွင် မန္တလေးနေပြည်တော်သို့ ဆိုက်ရောက်လာခဲ့သည်။ နိုဝင်ဘာလ ၂၉ ရက် တွင် သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးပြီး သူရိယသင်္ဘောဖြင့် ရန်ကုန်သို့ ခေါ် ဆောင်သွားခဲ့သည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်လိုက်သည်။ မင်းနှင့် မိဖုရားတို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသဖြင့် မြန်မာတစ်မျိုးသားလုံး နှမြောတသ ယူကျုံးမရ ဖြစ်ကြရလေသည်။

ထိုအချိန်မှစပြီး မြန်မာ့လွတ်လပ်ရေးဆုံးရှုံး၍ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

လုပ်ငန်း (၁) အင်္ဂလိပ်တို့သည် အဘယ်ကြောင့် မြန်မာနိုင်ငံကို စစ်သုံးကြိမ်ပြု၍ သိမ်း ပိုက်ခဲ့သနည်း။

လုပ်ငန်း (၂) မြန်မာလွှတ်တော်က ဘုံဘေဘားမားကုမ္ပဏီအား အဘယ်ကြောင့် ဒဏ်ငွေ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သနည်း။

လုပ်ငန်း (၃) အင်္ဂလိပ်တို့သည် သစ်ကိစ္စကို အခွင့်ကောင်းယူ၍ အထက်မြန်မာနိုင်ငံကို မည်ကဲ့သို့ ကျူးကျော်သိမ်းပိုက်ခဲ့သနည်း။

လုပ်ငန်း (၄) လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန် နိုင်ငံသားတိုင်း မည်ကဲ့သို့ ဆောင်ရွက် ကြရမည်နည်း။

# အခန်း (၉)
# ကချင်တောင်တန်းဒေသများ၏နယ်ချဲ့ဆန့်ကျင်ရေး



တတိယကျူးကျော်စစ်အပြီး ၁၈၈၅ ဒီဇင်ဘာလတွင် အထက်မြန်မာနိုင်ငံရှိ ကချင်တောင်တန်းဒေသများကို နယ်ချဲ့အင်္ဂလိပ်တို့က စတင်သိမ်းပိုက်ခဲ့သည်။ ဒီဇင်ဘာလ ၂၈ ရက်တွင် ဗန်းမော်ကိုသိမ်းပိုက်ခဲ့သည်။ ယင်းသို့သိမ်းပိုက်ခံရမှုကြောင့် ကချင်မျိုးနွယ်စုတို့ ၏ နယ်ချဲ့ခုခံတော်လှန်ရေးစစ်ပွဲများ စတင်ခဲ့လေသည်။

ဗိုလ်ဖိုးစော ခေါင်းဆောင်သည့် နယ်ချဲ့ဆန့်ကျင်ရေးတပ်သားများသည် မိုးကောင်းနယ်တွင် အပြင်းအထန်လှုပ်ရှားလာကြသည်။ ထိုနယ်ချဲ့ဆန့်ကျင်ရေးအင်အားစုတွင် ကချင်များသာမက ရှမ်းနှင့်ဗမာများလည်း ပါဝင်ခဲ့ကြသည်။ ၁၈၈၈ မေလ ၂ ရက်နေ့တွင် ဗိုလ်ဖိုးစော၏တပ်များသည် အင်္ဂလိပ်ခံတပ်မှတစ်ပါး မိုးကောင်းတစ်မြို့လုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ မိုးကောင်းမြို့ စီးနင်းခံရသဖြင့် အင်္ဂလိပ်တို့ များစွာတုန်လှုပ်ချောက်ချားသွားခဲ့သည်။ မိုးကောင်းမြို့စောင့်တပ်ကို ထပ်မံအင်အားဖြည့်တင်းခဲ့သည်။

အင်္ဂလိပ်တို့သည် ဗိုလ်ဖိုးစော၏ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများ ပြိုကွဲသွားစေရန် စည်းရုံးရေး စစ်ရေးနည်းလမ်းများကို အင်တိုက်အားတိုက်အသုံးပြုခဲ့သည်။ ဗိုလ်ဖိုးစောကို အားပေးထောက်ခံနေသော ကချင်အကြီးအကဲများကို မိမိတို့ဘက်ပါလာအောင် စည်းရုံးသိမ်းသွင်းခဲ့သည်။ ဗိုလ်ဖိုးစောကို ဖမ်းဆီးပေးနိုင်ပါက ဆုငွေပေးမည်ဟု ကြေညာခဲ့သည်။

သို့သော်လည်း ဗိုလ်ဖိုးစောအား မည်သူကမျှ ဖမ်းဆီးမပေးသည့်အပြင် ဆမားစော်ဘွားက ပင် ဗိုလ်ဖိုးစောနှင့်ပေါင်း၍ အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့သည်။

စည်းရုံးရေးမအောင်မြင်သောအခါ အင်္ဂလိပ်တို့သည် စစ်ဆင်ရေးများကို လေးကြိမ် ဆက်တိုက် အကြီးအကျယ်ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးများအတွင်း အင်္ဂလိပ်တပ်များသည် ကချင်တိုင်းရင်းသားများ ကြောက်ရွံ့လာစေရန် ကလေးလူကြီး၊ ယောကျ်ားမိန်းမ မရွေး သတ် ဖြတ်ကြပြီး ကျေးရွာများနှင့် ဝမ်းစာစပါးများကို မီးရှို့ဖျက်ဆီးကြသည်။ အင်္ဂလိပ်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ကချင်အမျိုးသားတို့က အလွန်တရာနာကြည်းကြသည်။ ထို့ ကြောင့် နယ်ချဲ့အင်္ဂလိပ်များကို အစွမ်းကုန် တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ ကချင်နယ်ချဲ့ ဆန့် ကျင်ရေးတပ်များ၏လက်ချက်ဖြင့် အင်္ဂလိပ်တို့ဘက်၌ အထိအခိုက် အကျအဆုံး များပြား ခဲ့သည်။

ဗိုလ်ဖိုးစောခေါင်းဆောင်သော နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများက မိုးကောင်း နယ်တွင် အင်္ဂလိပ်တို့အား သဲသဲမဲမဲတိုက်ခိုက်နေချိန်တွင် ဦးခန်းလှိုင်နှင့် ဗမာမင်းသား စောရန်ပိုင်တို့ကလည်း မိုးမိတ်နယ်တွင် အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့သည်။ ဦးခန်းလှိုင်နှင့် စောရန်ပိုင်တို့ ဦးဆောင်သည့် ကချင်၊ ဗမာ၊ ရှမ်း တိုင်းရင်းသားတို့သည် အင်္ဂလိပ်တို့ကို အထိနာအောင် တိုက်ခိုက်နိုင်ခဲ့ကြသည်။

ကချင်တောင်တန်းဒေသ၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများသည် ကချင်တိုင်း ရင်းသားတို့၏ ရဲရင့်မှု၊ စစ်ရေးကျွမ်းကျင်မှု၊ လွတ်လပ်လိုမှုတို့ကို ထင်ရှားစွာပြသနိုင်ခဲ့ပေသည်။

လုပ်ငန်း (၁) ဗိုလ်ဖိုးစော၏ နယ်ချဲ့ဆန့်ကျင်ရေးတပ်များက အင်္ဂလိပ်တို့တပ်စွဲထားသော မိုးကောင်းမြို့အား ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပုံကို ရေးပါ။

လုပ်ငန်း (၂) အင်္ဂလိပ်တို့သည် ကချင်တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးကို နှိမ်နင်း ရာတွင် မည်ကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှုများကို အသုံးပြုခဲ့သနည်း။

# အခန်း (၁၀)

## မျိုးချစ်ခေါင်းဆောင် စောလဖော်



မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ပြီဟု သိလျှင်သိချင်း မျိုးချစ်မြန်မာတိုင်းရင်းသား ခေါင်းဆောင်တို့သည် ရရာလူသူလက်နက်စုရုံး၍ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့လေသည်။ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အနှံ့အပြား ပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့ထဲတွင် ကယားအမျိုးသား စော်ဘွားကြီး စောလဖော်လည်း အပါအဝင်ဖြစ်ပေသည်။

စောလဖော်သည် စောလုံမြို့ကို ဌာနချုပ်ပြုလုပ်ကာ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့သည်။ စောလဖော်အား လေးစားကြည်ညိုသူ မျိုးချစ်ကယားအမျိုးသားများသည် စောလဖော်၏တပ်သို့ ဝင်ရောက်လာကြသည်။ စောလဖော်သည် အင်္ဂလိပ်တို့ထံ အညံ့ခံသူ မှန်သမျှကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ မောက်မယ်နယ်ကိုဝင်ရောက်တိုက်ခိုက်ပြီး အင်္ဂလိပ်တို့နှင့် ပူးပေါင်းသော မောက်မယ်စော်ဘွားကို နှင်ထုတ်ခဲ့သည်။ အင်္ဂလိပ်တို့ မခံမရပ်နိုင်ဖြစ်ပြီး မောက်မယ်သို့ တပ်များစေလွှတ်တိုက်ခိုက်ခဲ့သည်။ မောက်မယ်နယ်ကို တိုက်သည့်အတွက် လျော်ကြေးပေးရန်လည်း စောလဖော်အား တောင်းဆိုခဲ့သည်။ စောလဖော်က ငြင်းပယ်ပြီး အင်္ဂလိပ်တို့အား ဆက်လက်တိုက်ခိုက်ခဲ့သည်။

၁၈၈၈ တွင် အင်္ဂလိပ်တို့သည် အင်အားကြီးမားသော စစ်ကြောင်းနှစ်ကြောင်းကို စေလွှတ်၍ စောလဖော်ခေါင်းဆောင်သော ကယားတော်လှန်ရေးတပ်များကို တိုက်ခိုက်ခဲ့သည်။ စောလဖော်သည် အင်္ဂလိပ်တပ်များကို အကြိမ်ကြိမ်ခုခံတွန်းလှန်ခဲ့သည်။ သို့သော်လည်း

အင်အားကောင်းသော ဗြိတိသျှတပ်များက စောလဖော်၏ နယ်ချဲ့ဆန့်ကျင်ရေးဌာနချုပ် ဖြစ်သော စောလုံကို နောက်ဆုံး၌ သိမ်းပိုက်နိုင်ခဲ့သည်။


စောလဖော်ဦးဆောင်သော ကယားတိုင်းရင်းသားများသည် မိမိထက် အင်အား အဆ မတန်သာလွန်သော အင်္ဂလိပ်နယ်ချဲ့တို့ကို သူ့ကျွန်မခံလိုစိတ်ဖြင့် ရဲဝံ့စွာတော်လှန်တိုက်ခိုက် ခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်ရာကောင်းလှပေသည်။

လုပ်ငန်း (၁) စောလဖော်ဦးဆောင်သော ကယားတိုင်းရင်းသားများသည် အဘယ်ကြောင့် အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသနည်း။

လုပ်ငန်း (၂) စောလဖော်၏တပ်များကနယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြပုံကို ရေးပါ။

# အခန်း (၁၁)

## ချင်းတော်လှန်ရေးခေါင်းဆောင် ကွမ်ဘိ



ချင်းတောင်၊ ဖလမ်းနယ်မှ ကွမ်ဘိသည် တာစွန်းချင်းမျိုးနွယ်စုတို့၏ ခေါင်းဆောင် ဖြစ်သည်။ တန်ခိုးဩဇာအလွန်ကြီးသူဖြစ်သည်။

အထက်မြန်မာနိုင်ငံ မြေပြန့်ဒေသများကို သိမ်းပိုက်ခဲ့ပြီးသော အင်္ဂလိပ်တို့သည် ချင်းတောင်တန်းဒေသများကိုလည်း မိမိတို့လက်အောက်ခံအဖြစ် သိမ်းပိုက်ရန်ကြိုးပမ်းလာကြသည်။ တာစွန်းချင်း အကြီးအကဲများနှင့် စေ့စပ်ဆွေးနွေးရန် အင်္ဂလိပ်စစ်ဗိုလ်ကြီးရိတ်သည် ကလေးနယ်၊ အင်းဒင်ရွာသို့ရောက်ရှိလာသည်။ ဗိုလ်ကြီးရိတ်က အင်းဒင်ရွာ ဘွင် မိမိအားလာရောက်တွေ့ဆုံရန် နေ့ရက်ကိုချိန်းဆိုခဲ့သည်။ ကွမ်ဘိက စီဟောင်ရွာ၌ တွေ့ဆုံနိုင်မည်ဟု ပြန်ကြားသဖြင့် စီဟောင်ရွာ၌ တွေ့ဆုံဆွေးနွေးခဲ့ရသည်။

ဆွေးနွေးပွဲတွင် ရိတ်က အင်္ဂလိပ်တို့ခန့်ထားသော ကလေးစော်ဘွားကို အသိအမှတ်ပြုရန်၊ တာစွန်းနယ်ကိုဖြတ်၍ စစ်တကောင်းနယ်သို့ လမ်းဖောက်ရာတွင် အကူအညီများပေးရန် တောင်းဆိုခဲ့သည်။ ကွမ်ဘိက ကလေးစော်ဘွားကို အသိအမှတ်ပြုမည်ဖြစ်သော်လည်း လမ်းဖောက်ရာ၌ အကူအညီပေးမည်မဟုတ်ကြောင်း၊ လမ်းဖောက်လုပ်မည့်အဖွဲ့၏ လုံခြုံရေးကိုလည်း တာဝန်ယူနိုင်မည်မဟုတ်ကြောင်း ပြန်ကြားခဲ့သည်။ မိမိ၏တောင်းဆိုချက်များကို မရရှိသဖြင့် ရိတ်သည်မကျေနပ်ချေ။ တာစွန်းချင်းများ အင်္ဂလိပ်တို့ကို ကြောက်ရွံ့လာပြီး တောင်းဆိုချက်များကို လိုက်လျောလာစေရန် ဗိုလ်ကြီးရိတ်သည် အမြောက်ကြီးများနှင့် သေနတ်များကို လက်တွေ့ပစ်ခတ်ပြသခဲ့သည်။ သို့သော်လည်းကွမ်ဘိက မလိုက်လျောခဲ့ပေ။

ကွမ်ဘိသည်မြေပြန့်ဒေသမှ ချင်းတောင်ဒေသသို့ရောက်ရှိလာသော ရွှေချိုးဖြူမင်းသား၏ နယ်ချဲ့ဆန့်ကျင်ရေးတပ်များနှင့်ပူးပေါင်း၍ အင်းဒင်၊ ဟုမ္မလင်းရှိ အင်္ဂလိပ်တို့ကို

တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်တို့သည် တာစွန်းချင်းအမျိုးသားများ၏ ခုခံမှုကို အပြီးသတ် ချေမှုန်းရန် စစ်ဆင်ရေးကြီးပြုလုပ်ခဲ့သည်။ အင်္ဂလိပ်တို့၏ ကြီးမားလှသော စစ်အင်အားကြောင့် ကြွမ်ဘိမှာ ခံစစ်အနေအထားသို့ ပြောင်းလဲခဲ့ရသည်။ သို့သော်လည်း ကြွမ်ဘိသည် စိတ်မလျှော့ဘဲ ပြောက်ကျားစနစ်သုံး၍ ဆက်လက်တိုက်ခိုက်ခဲ့သည်။

ကြွမ်ဘိခေါင်းဆောင်သော တာစွန်းချင်းတို့က အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်နေစဉ် အခြားချင်းမျိုးနွယ်စုတို့ကလည်း အင်္ဂလိပ်တို့ကို ရဲရင့်ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ကြလေသည်။

ချင်းအမျိုးသားတို့၏ စစ်ရေးစွမ်းရည်ထက်မြက်မှု၊ စိတ်ဓာတ်ခိုင်မာမှုတို့ကြောင့် အင်္ဂလိပ်တို့သည် ချင်းတောင်တန်းမှ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို အချိန်ကြာမြင့်စွာ နှိမ်နင်းခဲ့ရပေသည်။

လုပ်ငန်း (၁) အင်္ဂလိပ်တို့ကို တာစွန်းချင်းများက ကြောက်ရွံ့လာစေရန် ဗိုလ်ကြီးရိတ်သည် မည်သို့ပြုလုပ်ပြသခဲ့သနည်း။

လုပ်ငန်း (၂) ကြွမ်ဘိသည် ချင်းတောင်ဒေသသို့ ကျူးကျော်လာသော အင်္ဂလိပ်တို့အား မည်သို့ပြန်လည်တိုက်ခိုက်ခဲ့သနည်း။

လုပ်ငန်း (၃) သင်ကိုယ်တိုင် ကြွမ်ဘိအဖြစ် သရုပ်ဆောင်၍ ဗိုလ်ကြီးရိတ်နှင့်တွေ့ဆုံပြောကြားခဲ့ပုံ၊ အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့ပုံတို့ကို ဟန်အမူအရာဖြင့် ပြောပြပါ။

# အခန်း (၁၂)
# ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်



ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်

အင်္ဂလိပ်တို့သည် မန္တလေး ရတနာပုံ နေပြည်တော်ကို သိမ်းပိုက်ပြီးနောက် အထက်မြန်မာနိုင်ငံဒေသအသီးသီးရှိ ခေါင်းဆောင်များကို စည်းရုံးသိမ်းသွင်းခဲ့သည်။ ၎င်းတို့အနက်မှ ဩဇာကြီးမားသော ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ကို အထူးစည်းရုံးသိမ်းသွင်းခဲ့သည်။ မိမိတို့လက်အောက်သို့ ဝင်ရောက်လာပါက မဖမ်းမဆီးဘဲ ရှိမြဲရာထူးအတိုင်း ခန့်ထားမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။ တစ်ဖက်တွင်လည်း အင်္ဂလိပ်တို့သည် ဝန်းသိုနယ်သို့ တပ်များစေလွှတ်ချထားကာ စော်ဘွားကြီးအား ခြိမ်းခြောက်ခဲ့သည်။ စိတ်ဓာတ်ကြံ့ခိုင်သော စော်ဘွားကြီးသည် အင်္ဂလိပ်လက်အောက်သို့ ခိုဝင်ခြင်းမပြုဘဲ အင်္ဂလိပ်များ လာရောက်တိုက်ခိုက်ပါက အသင့်ဖြစ်စေရန်သာ စီမံခဲ့သည်။

၁၈၈၆ တွင် အင်္ဂလိပ်တပ်များသည် ဝန်းသိုနယ်သို့တိုက်ခိုက်ခဲ့သည်။ ဝန်းသိုစော်ဘွားကြီး၏ တပ်များကလည်း ပြန်လှန်ခုခံခဲ့သည်။ အင်္ဂလိပ်တို့သည် ဝန်းသိုစော်ဘွားကြီး၏ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို သိရှိလာသောအခါ ပိုမိုကြီးမားသော စစ်တပ်အင်အားကို သုံး၍ ဝန်းသိုနယ်ကိုသိမ်းယူရန် စီမံခဲ့သည်။ ဝန်းသိုမြို့သို့ စစ်ကြောင်းနှစ်ကြောင်းခွဲ၍ အင်္ဂလိပ်တပ်များ ချီတက်လာခဲ့သည်။

အင်္ဂလိပ်တပ်များနှင့် စော်ဘွားကြီး၏ တပ်များသည် မှန်ကင်းတောင်တွင် ပထမအကြိမ် အပြင်းအထန်တိုက်ခိုက်ခဲ့ကြသည်။ မှန်ကင်းတောင်တိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ စစ်ဗိုလ်တစ်ဦးအပါအဝင် အများအပြားကျဆုံးပြီး အရေးနိမ့်သွားခဲ့သည်။ အင်္ဂလိပ်တို့သည် အင်အားထပ်မံဖြည့်တင်းလျက် ဝန်းသိုဘက်သို့ ထပ်မံချီတက်လာကြသည်။ ထို့ကြောင့် ဒုတိယအကြိမ် ကျိုင်းခွင်တောင်ကုန်းတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဝန်းသိုစော်ဘွားကြီး၏တပ်များသည် ကျိုင်းခွင်တောင်ကုန်း၌ တပ်စွဲထားကြပြီး ဒေါင်းမြူးချောင်းကိုဖြတ်ကူးလာသော အင်္ဂလိပ်တပ်များကို ပစ်ခတ်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်စစ်သား အများအပြား ကျဆုံးသွားကြသည်။ သို့သော် ဝန်းသိုစော်ဘွားကြီး၏တပ်များမှာ လက်နက်အင်အားမမျှသဖြင့် နောက်ဆုံး၌ ကျိုင်းခွင်တောင်ကုန်းမှ ဆုတ်ခွာရပြီး တောတောင်များအတွင်း ခိုလှုံသွားကြရလေသည်။

ဝန်းသိုစော်ဘွားကြီးသည် မြို့ကိုလက်လွှတ်လိုက်ရသော်လည်း အားမလျှော့သေးဘဲ ပြောက်ကျားစနစ်ဖြင့် ဆက်လက်တိုက်ခိုက်ခဲ့သည်။ ဤသို့ဖြင့် ကချင်၊ ဗမာ၊ ရှမ်း တိုင်းရင်းသားများပါဝင်သော ဝန်းသိုစော်ဘွားကြီး၏တပ်များသည် နယ်ချဲ့အင်္ဂလိပ်ကို ငါးနှစ်တာမျှ တော်လှန်ခဲ့ကြလေသည်။

လုပ်ငန်း (၁) အင်္ဂလိပ်တို့သည် ဝန်းသိုစော်ဘွားကြီးကို မည်သို့ စည်းရုံးသိမ်းသွင်းခဲ့သနည်း။

လုပ်ငန်း (၂) မှန်ကင်းတောင်တိုက်ပွဲနှင့် ကျိုင်းခွင်တောင်ကုန်းတိုက်ပွဲများကို ဖော်ပြပါ။

လုပ်ငန်း (၃) ဝန်းသိုစော်ဘွားကြီး၏တပ်များသည် လက်နက်အင်အားမမျှသော်လည်း အင်္ဂလိပ်တို့ကို ငါးနှစ်တာမျှ ခုခံနိုင်ခြင်းမှာအဘယ်ကြောင့်ဟု သင်ထင်သနည်း။

# အခန်း (၁၃)

## ဝံသာနုခေါင်းဆောင်ကြီး ဦးချစ်လှိုင်



ဝံသာနုခေါင်းဆောင်ကြီးဦးချစ်လှိုင်

ဦးချစ်လှိုင်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသော ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ဦးချစ်လှိုင်ကို မော်လမြိုင်မြို့၌ မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။

ဦးချစ်လှိုင်သည် အသက် ၂၀ အရွယ်တွင် အင်္ဂလန်သို့သွား၍ ဥပဒေပညာကို သင်ကြားအောင်မြင်လာခဲ့သည်။ မြန်မာပြည်သို့ပြန်ရောက်သောအခါ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓကလျာဏယုဝအသင်းကို ငွေအားလူအားဖြင့် ကူညီခဲ့သည်။ ၁၉၁၇ မှစ၍ မော်လမြိုင်မြို့ ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ပုသိမ်မြို့၌ ကျင်းပသော ဝိုင်အမ်ဘီအေအသင်းကြီး၏ အစည်းအဝေး၌ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးပေါ်လာသောအခါ ဦးချစ်လှိုင်ပင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။

ဂျီစီဘီအေခေတ်တွင် အမျိုးသားစိတ်ဓာတ် ပြင်းထန်လာသည့်အလျောက် အခွန်မပေးရေး၊ နိုင်ငံခြားဖြစ်ပစ္စည်းများကို သပိတ်မှောက်ရေး၊ တိုင်းရင်းဖြစ်ပစ္စည်းများကို သုံးစွဲရေး၊ အမျိုးသားချင်းရိုင်းပင်းရေး စသော ဝံသာနုလုပ်ငန်းများကို ပိုမိုဆောင်ရွက်လာခဲ့ကြသည်။ ဦးချစ်လှိုင်သည် အမျိုးသားနိုင်ငံရေးကို လုပ်ဆောင်ရာတွင် ဝံသာနုများဘက်မှ ရပ်တည်၍ ရဲဝံ့စွာဦးဆောင်မှုပေးခဲ့သည်။ ထို့ကြောင့် ပြည်သူများက အထူးကြည်ညိုလေးစားကာ ဦးချစ်လှိုင်အား သမ္မတဘွဲ့ကို အပ်နှင်းခဲ့ကြသည်။ ထိုအချိန်မှစ၍ သမ္မတဦးချစ်လှိုင်ဟု ခေါ်တွင်လာခဲ့လေသည်။

လုပ်ငန်း (၁) ဦးချစ်လှိုင်အကြောင်းကို အောက်ပါခေါင်းစဉ်များအရရေးပါ။

(က) မွေးဖွားရာဒေသ  (ခ) မွေးဖွားသောခုနှစ်

(ဂ) ပညာအရည်အချင်း

(ဃ) ပါဝင်ဆောင်ရွက်ခဲ့သောအသင်းအဖွဲ့များ

လုပ်ငန်း (၂) ဦးချစ်လှိုင်ခေါင်းဆောင်သော ဂျီစီဘီအေအသင်းကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို ရေးပါ။

## အခန်း (၁၄)

## တောင်သူလယ်သမားအရေးတော်ပုံ



ဆရာစံ

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို နယ်ချဲ့သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို လက်ဝါးကြီးအုပ်အမြတ်ထုတ်ခဲ့ကြသည်။ ၁၉၃၀ တစ်ဝိုက်တွင် အမြတ်ထုတ်မှု ပိုမိုပြုလုပ်လာသဖြင့် စပါးဈေးမှာ အဆမတန်ကျဆင်းသွားခဲ့ပြီး တောင်သူလယ်သမားတို့မှာ စီးပွားရေးအလွန်ကျပ်တည်းလာကြသည်။ တောင်သူလယ်သမားတို့မှာ စားဖို့ရန်ပင် အနိုင်နိုင် ကြိုးစားနေကြရသည်။ ထိုအချိန်တွင် အင်္ဂလိပ်အစိုးရသည် ကိုယ်ချင်းစာနာစိတ် အလျှဉ်းမရှိဘဲ လူခွန်၊ လယ်ခွန်များကို မရမနေ အကြမ်းဖက်ကောက်ခံလာခဲ့သည်။

ဆရာစံသည် တောင်သူလယ်သမားတို့အပေါ် မတရားဖိနှိပ်ညှဉ်းပန်းနေသော အင်္ဂလိပ်အစိုးရကို နာကြည်းလာခဲ့သည်။ တောင်သူလယ်သမား အင်အားဖြင့် အင်္ဂလိပ်တို့ကို လက်နက်ကိုင်တော်လှန်ရန် စီစဉ်ခဲ့သည်။ ဆရာစံသည် တောင်သူလယ်သမားတို့ကို စည်းရုံးပြီး ဂဠုန်တပ်များဖွဲ့စည်းသည်။

နယ်ချဲ့အစိုးရကို ရွံမုန်းနေကြသော တောင်သူလယ်သမားများသည် ဆရာစံ၏ ဂဠုန်တပ်သို့ ဝင်ရောက်လာကြသည်။ ၁၉၃၀ ဒီဇင်ဘာလတွင် ပဲခူးတိုင်း သာယာဝတီခရိုင်မှ တောင်သူလယ်သမားများသည် ဆရာစံ၏ ဦးဆောင်မှုဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို စတင်တော်လှန်ခဲ့ကြလေသည်။

တောင်သူလယ်သမားအရေးတော်ပုံကြီးသည် အင်းစိန်၊ ဟင်္သာတ၊ ပြည်၊ ဖျာပုံ၊ သရက်ခရိုင်များသို့သာမက ရှမ်းပြည်အထိ ကူးစက်ပျံ့နှံ့သွားသည်။ ထို့ကြောင့် ရှမ်း၊ ကရင်၊ ဗမာ စသောတိုင်းရင်းသားပေါင်းစုံပါဝင်သည့် အရေးတော်ပုံကြီးဖြစ်လာခဲ့သည်။ နယ်ချဲ့အစိုးရသည် အိန္ဒိယမှ စစ်ကူအမြောက်အမြားခေါ်ယူပြီး အရေးတော်ပုံကြီးကို ရက်စက်စွာ နှိမ်နင်းခဲ့သည်။ ဆရာစံ၏ဂဠုန်တပ်သားများသည် နယ်ချဲ့အစိုးရတပ်များကို ရဲဝံ့စွာတိုက်ခိုက်ရင်း မြန်မာ့သွေး၊ မြန်မာ့သတ္တိကိုပြသကာ အသက်ကိုစွန့်လွှတ်ခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်

တို့သည် အရေးတော်ပုံကြီးကို နှစ်နှစ်ကျော်မျှ နှိမ်နင်းခဲ့ရသည်။ နောက်ဆုံး၌ လက်နက်အင်အားချင်း ကွာခြားလွန်းလှသဖြင့် တောင်သူလယ်သမားအရေးတော်ပုံကြီးမှာ အရေးနိမ့်ခဲ့ရသည်။ ဆရာစံကို ရှမ်းပြည်မြောက်ပိုင်း၌ ဖမ်းဆီးရမိပြီး သာယာဝတီထောင်၌ ကြိုးပေးသတ်ဖြတ်ခဲ့သည်။ ဤသို့ဆရာစံအား သတ်ဖြတ်နိုင်ခဲ့သော်လည်း တောင်သူလယ်သမားတို့၏ တော်လှန်ရေးစိတ်ဓာတ်ကိုကား မဖြိုခွဲနိုင်ခဲ့ပေ။

လုပ်ငန်း (၁) ကိုလိုနီခေတ်တွင် တောင်သူလယ်သမားတို့ အဘယ်ကြောင့် စီးပွားရေးကျပ်တည်းလာကြသနည်း။

လုပ်ငန်း (၂) တောင်သူလယ်သမား အရေးတော်ပုံသည် မည်သည့်ဒေသမှ စတင်ခဲ့သနည်း။

လုပ်ငန်း (၃) တောင်သူလယ်သမားအရေးတော်ပုံသည် မည်သည့်ဒေသများသို့ ပျံ့နှံ့သွားသနည်း။

လုပ်ငန်း (၄) ၁၉၃၀ တွင် တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့ပုံရေးပါ။

# အခန်း (၁၅)

## ဦးရွှေဇံအောင်



ဦးရွှေဇံအောင်

ဦးရွှေဇံအောင်သည် ရခိုင်အမျိုးသားဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့စာပေတို့ကို မြတ်နိုးသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သာသနာတော်ကို အလွန်ယုံကြည်သဖြင့် ဆရာတော်ကြီးများထံတွင် အဘိဓမ္မာ တရားတော်များကို သင်ယူခဲ့သည်။

ဦးရွှေဇံအောင်သည် နိုင်ငံခြားသို့တိုင်အောင် ဗုဒ္ဓဘာသာ သာသနာတော်ကြီး ပြန့်ပွားစည်ပင်စေရန် ရည်ရွယ်၍ အင်္ဂလိပ်ဘာသာဖြင့် သုံးလတစ်ကြိမ်ထုတ်ဝေသော ဗုဒ္ဓဝါဒမဂ္ဂဇင်းတွင် အဘိဓမ္မာတရားတော်များ အကြောင်းကို ရေးသားခဲ့သည်။ ထိုမဂ္ဂဇင်းကို နိုင်ငံအနှံ့ ဖြန့်ချိခဲ့သဖြင့်နိုင်ငံခြားသားများသည် အဘိဓမ္မာကျမ်း အကြောင်း သိရှိလာခဲ့ကြသည်။

ထို့နောက်ဦးရွှေဇံအောင်သည် အဘိဓမ္မာကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားခဲ့သည်။ ထိုကျမ်းကို လန်ဒန်မြို့ပါဠိအသင်းကြီး၏ဥက္ကဋ္ဌဖြစ်သူနှင့် ဦးရွှေဇံအောင်တို့ အပြန်ပြန် အလှန်လှန်စစ်ဆေးပြီးနောက် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ စာအုပ်ထွက်လာသည်နှင့် တစ်ပြိုင်နက် တစ်ကမ္ဘာလုံးမှ ပညာရှင်များ၏ ချီးကျူးလက်ခံခြင်းကိုခံရလေသည်။

ဦးရွှေဇံအောင်သည် အဘိဓမ္မာကျမ်းကို နိုင်ငံခြားသားများ ဖတ်ရှုလေ့လာနိုင်ရန် ရေးသားခဲ့ရုံမျှမက မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၌လည်း ဆောင်းပါးအမျိုးမျိုးကို ရေးသားခဲ့သည်။ ဗုဒ္ဓအယူဝါဒနှင့် စပ်လျဉ်း၍ ကျမ်းကြီးခုနစ်ကျမ်းကိုလည်း ပြုစုခဲ့သည်။

ဦးရွှေဇံအောင်သည် အင်္ဂလိပ်မြန်မာနှစ်ဘာသာလုံး၌ ထက်မြက်သောကမ္ဘာသိ စာပြု ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ဆရာကြီးအား ရန်ကုန်တက္ကသိုလ်က စာပေပါရဂူဘွဲ့ကို ၁၉၃၂ ... ပေးအပ်ချီးမြှင့်ခဲ့သည်။

သို့သော် ဆရာကြီးဦးရွှေဇံအောင်သည် ဘွဲ့နှင်းသဘင်သို့တက် ... န်ကုန်မြို့သို့ ... ကရင်လူငယ်များ ရက်ခန့်အလိုတွင် ကွယ်လွန်ခဲ့သည်။ ဦးရွှေဇံအောင်သည် အမျိုးဘာ ... ာက်ပိုင်းနယ်မှ အမတ် ကို ကွယ်လွန်သည်အထိ သ ... ပိုးဆော ... ရွက်ခဲ့သည်။ ... ာယ်ပါဆောင်ရွက်ခဲ့သည်။ ... မန်းဘခိုင်သည် ယုန်တလင်းကို ... ပန်ကို ရှုပ်ရှုပ်ချုံချုံတော်လှန်ခဲ့သည်။

လုပ်ငန်း (၁) ဦးရွှေဇံအောင်၏ အမျိုးဘာသာသ ... များကို ရေးပါ။

လုပ်ငန်း (၂) သင်သိသောပုဂ္ဂိုလ်တစ်ဦး၏ သာသနာ ...

# အခန်း (၁၆)

## ဒီးဒုတ်ဦးဘချို



ဒီးဒုတ်ဦးဘချို

ကိုလိုနီခေတ်တွင် မြန်မာတိုင်းရင်းသားတို့၏ အမျိုးသားစိတ်ဓာတ်ကို လှုံ့ဆော်ပေးခဲ့သော ထင်ရှားသည့် ခေါင်းဆောင်တစ်ဦးမှာ ဒီးဒုတ်ဦးဘချို ဖြစ်သည်။ ဦးဘချိုကို မြောင်းမြမြို့ ဆေးဆရာကြီး ဦးဘိုးစာ၊ ဒေါ်မြစ်တို့မှ ၁၈၉၃ တွင် ဖွားမြင်ခဲ့သည်။ ဦးဘချိုသည် သတင်းစာဆရာတစ်ဦးဖြစ်၍ စာပေ၊ ဂီတဘက်တွင်လည်း ထူးချွန်သူဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ ဦးဘချိုသည် အမျိုးသားပညာရေး လောကသို့ဝင်၍ မြန်မာစာပြဆရာတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဘချိုသည် မြန်မာ့ရီဗျူးဂျာနယ်ကို ထုတ်ဝေပြီး ဒီးဒုတ်အမည်ဖြင့် ဆောင်းပါးများရေးခဲ့သည်။ စာအရေးကောင်းသဖြင့် ဒီးဒုတ်အမည်နှင့်တွဲ၍ ကျော်ကြားလာသည်။

ဦးဘချိုသည် စာပေဘက်တွင်သာ နှံ့စပ်ကျွမ်းကျင်ခဲ့သည်မဟုတ်၊ အနုပညာဘက်တွင်လည်း နှံ့စပ်ကျွမ်းကျင်သူဖြစ်ပြီး နည်းယူထိုက်သူဖြစ်သည်။ ဦးဘချိုသည် ဆို၊ က၊ ရေး၊ တီး သဘင်ပညာသည် အဖွဲ့ကြီး ဖြစ်မြောက်လာအောင် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ စာရေးဆရာအသင်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။

ဦးဘချိုသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်
်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ချင်း-ဗမာသွေးစည်းရေးကို ကြိုးပမ်း
သည်။ ၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့၌သတင်း
ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ကဲ့သို့တိုင်းပြည်တာဝန်ကို ကြိုးပမ်းထမ်းဆောင်နေစဉ် လူမသမာ
ချုပ်အောင်ဆန်းတို့နှင့်အတူ ၁၉၄၇ ဇူလိုင်လ ၁၉ ရက်တွင်

ပေနှင့်အနုပညာနှစ်ဖက်လုံး၌ နှံ့စပ်နည်းယူထိုက်သူတစ်ဦး
ျင်းလင်းရေးသားပါ။

ူသည် လွတ်လပ်ရေးကြိုးပမ်းမှု၌ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်ခဲ့
နည်း။

# အခန်း (၁၇)

## ကရင်အမျိုးသားခေါင်းဆောင် မန်းဘခိုင်



မန်းဘခိုင်

မြန်မာအမျိုးသား လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများအနက် ထင်ရှားသော ကရင် အမျိုးသား ခေါင်းဆောင်တစ်ဦးမှာ မန်းဘခိုင်ဖြစ်သည်။

မန်းဘခိုင်သည် ဟင်္သာတခရိုင်၊ ယုန်တလင်းရွာဇာတိဖြစ်သည်။ ယုန်တလင်းရွာသူကြီး မန်းပေကုန်းနှင့် ဒေါ်ပုတို့မှ ၁၉၀၃ တွင် ဖွားမြင်ခဲ့သည်။ မန်းဘခိုင်သည် မိမိရွာ၌ အရောင်းအဝယ်လုပ်ကိုင်ရင်း ရွာရှိကလေးသူငယ်များ ကရင်ဘာသာကို သင်ယူနိုင်စေရန် ငွေကုန်ကြေးကျခံ၍ ကျောင်းတစ်ကျောင်းဖွင့်လှစ်ကာ စီမံအုပ်ချုပ်ခဲ့သည်။

မန်းဘခိုင်သည် အရောင်းအဝယ်ကိစ္စ၊ ကျောင်းကိစ္စများအတွက် ရန်ကုန်မြို့သို့ မကြာခဏသွားရင်း ကရင်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာမှ ကရင်လူငယ်များအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၃၇ တွင် မန်းဘခိုင်သည် ပုသိမ်မြောက်ပိုင်းနယ်မှ အမတ်အဖြစ်အရွေးခံရသည်။ မန်းဘခိုင်သည် နိုင်ငံရေးကို စိတ်ရောကိုယ်ပါဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်ဂျပန်တို့ကို တစ်နိုင်ငံလုံးက တော်လှန်သောအခါ မန်းဘခိုင်သည် ယုန်တလင်းကို ဌာနချုပ်ပြုလုပ်လျက် ကရင်လူငယ်များကိုစုစည်းကာ ဂျပန်ကို ရှုပ်ရှုပ်ချွံချွံတော်လှန်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မန်းဘခိုင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူလက်တွဲပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ကရင်လူငယ်များအစည်းအရုံးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း တိုင်းရင်းသားစည်းလုံးရေးအတွက်လည်း ကရင်-ဗမာ ချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းသောအခါ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ မန်းဘခိုင်က "ဗမာပြည်ကြီး လွတ်လပ်ရေးရရန် ဆောင်ရွက်ရာတွင် သေရမည်ကို မကြောက်ပါ" ဟူ၍ မကြာခဏပြောကြားခဲ့သည်။ မိမိစကားနှင့်အညီ မန်းဘခိုင်သည် တိုင်းပြည်တာဝန်များကို ရဲဝံ့စွာထမ်းဆောင်နေစဉ် ၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ တိုင်းပြည်အတွက် အသက်ကိုပေးလှူသွားခဲ့လေသည်။

လုပ်ငန်း(၁) မန်းဘခိုင်သည် ဖက်ဆစ်တော်လှန်ရေးတွင် မည်သို့ပါဝင်ဆောင်ရွက်ခဲ့သနည်း။

လုပ်ငန်း(၂) ဒုတိယကမ္ဘာစစ်အပြီးမန်းဘခိုင်၏ နိုင်ငံရေးဆောင်ရွက်ချက်များကိုရေးပါ။

## အခန်း (၁၈)
## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းကို အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် မြန်မာကသာမက ကမ္ဘာကပါ လေးစားကြည်ညိုကြသည်။ လွတ်လပ်ရေးဖခင်ကြီးဟု တွင်စားဂုဏ်ပြုကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ဖေဖော်ဝါရီလ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးဖာနှင့်ဒေါ်စုတို့ဖြစ်ကြသည်။ အဘိုးကား အင်္ဂလိပ်နယ်ချဲ့ကို သုံးနှစ်ကာလပတ်လုံး တော်လှန်တိုက်ခိုက်ခဲ့သော မြို့လုလင်သူကြီး ဗိုလ်မင်းရောင် ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အဘိုးထံမှတော်လှန်ရေး စိတ်ဓာတ်ကို အမွေဆက်ခံရရှိခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကပင် ဆင်းရဲသားများအပေါ် စာနာသနားခဲ့သည်။ အထူးသဖြင့် လူတမ်းစေ့မနေနိုင်ကြသော တောင်သူလယ်သမားများကိုကြည့်ကာ ၎င်းတို့၏ ဘဝကို မြှင့်တင်ပေးလိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လိမ်ညာမပြောတတ်၊ အမှန်တရားကိုမြတ်နိုးပြီး ကိုယ်ကျင့်တရားကို အမြဲထိန်းသိမ်းခဲ့သည်။ လွတ်လွတ်လပ်လပ်နေတတ်သည်။ သူတစ်ပါးကိုလည်း လွတ်လွတ်လပ်လပ် နေစေလိုသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အဆောင်အယောင် အခမ်းအနားကို အလွန်ရွံမုန်းသည်။ သူသည် ရိုးရိုးပင်ဝတ်ဆင်နေထိုင်ခဲ့သည်။ ရာထူးစည်းစိမ်ကိုလည်း မမက်မောခဲ့ချေ။

ဗိုလ်ချုပ်သည်အပြောလည်းပြတ်သည်။ အလုပ်ကိုလည်း ပြတ်ပြတ်သားသားလုပ်တတ်သည်။ ထို့ကြောင့် အင်္ဂလိပ်အာဏာပိုင်များက သူ့ကိုလေးစားကြသည်။ ဗိုလ်ချုပ်သည် ကိုယ်ကျိုးကိုမငဲ့၊ ရာထူးရရေးကို အဓိကမထား၊ လွတ်လပ်ရေးရရန်သာ အဓိကထားခဲ့သည်။ ထို့ကြောင့် နိုင်ငံလွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးမှအနားယူကာ စာရေးမည်ဟု အခါအခွင့်သင့်တိုင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးတိုက်ပွဲဝင်ရာ၌ အကောင်းဆုံးဖြစ်လာရန် မျှော်လင့်သည်။ အကယ်၍ အဆိုးဆုံးဖြစ်လာလျှင်လည်း ရင်ဆိုင်ရန်အသင့်ရှိသည်ဟု ရဲရဲတွာ ပြောကြားခဲ့သည်။ ဤသည်မှာ ဗိုလ်ချုပ်၏သတ္တိရှိမှုနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတို့ကို ဖော်ပြလိုက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်က "ဤကမ္ဘာ၌ ပြည်သူတို့၏ လွတ်မြောက်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကိုပေးလှူရခြင်းထက် ပို၍ကြီးမြတ်သည့်ဂုဏ်မရှိနိုင်တော့ပြီ" ဟု မိန့်ကြားခဲ့သည်။ တိုင်းပြည်အပေါ် ထားရှိသော ဗိုလ်ချုပ်၏စေတနာကား ကြီးမားပေစွ။

ထိုသို့မိန့်ကြားခဲ့သည့်အတိုင်း လွတ်လပ်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေစဉ် လွတ်လပ်ရေးရအံ့ဆဲဆဲ ၁၉၄၇ ဇူလိုင်လ ၁၉ ရက်၌ မသမာသူတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရလေသည်။

လုပ်ငန်း(၁) ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးရိုးဇာတိကို ဖော်ပြပါ။

လုပ်ငန်း(၂) ဗိုလ်ချုပ်အောင်ဆန်းကို သင်အဘယ်ကြောင့် နှစ်သက်သနည်း။ အကြောင်းပြ၍ ဖြေဆိုပါ။

# အခန်း (၁၉)

# ဗိုလ်မှူးကြီး ဗထူး



ဗိုလ်မှူးကြီးဗထူး

ဗိုလ်မှူးကြီးဗထူးသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ် အပိုင် လေသွန်းခံရွာ ဇာတိဖြစ်သည်။

ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဂျပန်တပ်များနှင့်အတူ နိုင်ငံတွင်းသို့ တနင်္သာရီတိုင်းမှတစ်ဆင့် ဝင်ရောက်လာသောအခါ ကိုဗထူးသည် မိဘ၊ ဇနီး၊ သားသမီးများကို သတိမရနိုင်တော့ဘဲ မျိုးချစ်စိတ်ဓာတ် အရှိန်ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲသို့ ဝင်ရောက်လာခဲ့သည်။ ဝင်စတွင် သာမန်တပ်ကြပ်ကလေးရာထူးကိုသာ ရခဲ့သော်လည်း လုပ်ရည်ကိုင်ရည် ကောင်းမွန်သဖြင့် မကြာမီ ဗိုလ်မှူးရာထူးအထိ အဆင့်ဆင့် တိုးမြှင့်ပေးခြင်းခံခဲ့ရသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့်အတူ ချီတက်လာကာ အင်္ဂလိပ်တို့ကိုတိုက်ထုတ်ပစ်ခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း ပိုမိုဆိုးရွားသော ဖက်ဆစ်ဂျပန်တို့၏ ဓားမိုးအုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့ရပြီး မြန်မာတိုင်းရင်းသားတို့မှာ ဖက်ဆစ်ဂျပန်တို့၏မတရား နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို အလူးအလဲခံစားလာကြရသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်ကြီးများသည် ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် လျှို့ဝှက်စွာစီစဉ်ကြရပြန်သည်။

ဗိုလ်မှူးဗထူးသည် အထက်မြန်မာပြည် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဖက်ဆစ်ဂျပန်တော်လှန်ရေးတာဝန်များကိုပါ ပူးတွဲဆောင်ရွက်လာခဲ့သည်။ ၁၉၄၅ တွင် ဖက်ဆစ်ဂျပန်တို့ အရေးနိမ့်စပြုလာခဲ့သည်။ မဟာမိတ်တပ်များ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်လာကြပြီး မန္တလေးဘက်သို့ ဦးတည်ချီတက်လာခဲ့သည်။ ထိုသို့အခြေအနေကောင်း

များ ဖြစ်ပေါ်လာသဖြင့် သတ်မှတ်ရက်မတိုင်မီ ၁၉၄၅ မတ်လ ၈ ရက်တွင် ဗိုလ်မှူးဗထူး သည် ဂျပန်ကို စတင်တော်လှန်ခဲ့သည်။ ဗိုလ်မှူးဗထူး၏ တပ်များသည် မဟာမိတ်တပ်များ မရောက်မီ ဂျပန်တပ်များကို တိုက်ခိုက်ရှင်းလင်းနိုင်ခဲ့သည်။ ထိုသို့ ထူးချွန်စွာ ဆောင်ရွက်နိုင်မှု ကြောင့် ဗိုလ်မှူးဗထူးအား ဗိုလ်မှူးကြီးအဆင့်သို့ ရာထူးနှစ်ဆင့် တိုးပေးခဲ့သည်။


ဗိုလ်မှူးကြီးဗထူးသည် ဆုတ်ခွာနေသော ဂျပန်တပ်များကို သိုက်လုံတိုက်ခိုက်ရင်း ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့နယ်သို့ရောက်ရှိလာခဲ့သည်။ မိုးဥတုဖြစ်သဖြင့် ရာသီဥတု ကြမ်းတမ်းခြင်း၊ ခရီးလည်းပန်းခြင်းတို့ကြောင့် ယခင်ကစွဲကပ်ခဲ့ဖူးသော ငှက်ဖျားရောဂါ ပြန်ပေါ်လာခဲ့သည်။ ဗိုလ်မှူးကြီးဗထူးသည် ထိုရောဂါဖြင့်ပင် ၁၉၄၅ ဇွန်လ ၂ ရက်တွင် အောင်ပန်းမြို့နယ် တယ်လူးစခန်း၌ ကွယ်လွန်သွားခဲ့သည်။ စစ်မြေပြင်၌သာ အချိန်ကုန်ခဲ့ ရသော ဗိုလ်မှူးကြီးဗထူးမှာ မိမိအား ဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ပေးသော အမိန့်စာကိုပင် သိရှိမသွားခဲ့ချေ။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီး ဗထူးအား ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်က ရပ်စောက်မြို့ မြောက်ဘက်တွင် ဗထူးတပ် မြို့ကို တည်ထားလေသည်။

လုပ်ငန်း (၁) ဗိုလ်မှူးကြီးဗထူးသည် အထက်မြန်မာပြည်မှနေ၍ ဖက်ဆစ်ဂျပန်ကို မည် ကဲ့သို့ တော်လှန်ခဲ့သနည်း။

လုပ်ငန်း (၂) သင်နေထိုင်ရာဒေသ၌ ဗိုလ်မှူးကြီးဗထူးကဲ့သို့ တိုင်းပြည်တာဝန်ကို သက် စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်မျိုးရှိပါက ၎င်း၏ဆောင်ရွက်ချက် များကို ဖော်ပြပါ။

# အခန်း (၂၀)
# ပြည်ထောင်စုနေ့



ပင်လုံစာချုပ် အထိမ်းအမှတ်ကျောက်တိုင်

ပြည်ထောင်စုနေ့သည်ကား အင်္ဂလိပ်နယ်ချဲ့သမား၏ သွေးခွဲမှုကိုတိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် အပြီးသတ်အနိုင်ယူအောင်ပွဲခံခဲ့သော နေ့ထူးနေ့မြတ်ဖြစ်ပေသည်။

၁၉၄၇ နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်၌ အင်္ဂလိပ်နန်းရင်းဝန် အက်တလီနှင့် လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။ မြန်မာပြည်သူလူထုကလည်း လွတ်လပ်ရေးပေးရန် တစ်ခဲနက်တောင်းဆိုကြသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့ကြောင်း သိရှိလာသောအခါ တောင်တန်းဒေသကို ချန်လှပ်ထားရန် ကြံရွယ်လာကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးနေစဉ် တောင်တန်းဒေသ စော်ဘွားများထံ ကိုယ်စားလှယ်များစေလွှတ်၍ အမျိုးမျိုးသွေးခွဲခဲ့ကြသည်။ အောင်ဆန်းအက်တလီစာချုပ်တွင်လည်း တောင်တန်းသားတို့၏ဆန္ဒကို ရယူပြီးမှ ပြည်မနှင့်တောင်တန်းပူးပေါင်းရမည်ဟူသောအချက်ကို ထည့်သွင်းခဲ့ကြသည်။


ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် ပြည်မနှင့်တောင်တန်း အတူတကွ လွတ်လပ်ရေးအရယူနိုင်ရန် ကြိုးပမ်းကြသည်။ ၁၉၄၇ ဖေဖော်ဝါရီလ ၇ ရက်မှစ၍ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် တိုင်းရင်းသားညီလာခံကို ကျင်းပခဲ့သည်။ ညီလာခံ မအောင်မြင်စေရန် အင်္ဂလိပ်တို့က အမျိုးမျိုးသွေးခွဲခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မိုင်းပွန်စော်ဘွားကြီးစပ်စံထွန်းတို့၏ ကြိုးပမ်းမှုကြောင့် ဖေဖော်ဝါရီလ ၁၂ ရက် နေ့တွင် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။

ပင်လုံစာချုပ် ချုပ်ဆိုနိုင်သဖြင့် အင်္ဂလိပ်တို့၏ သွေးခွဲရေးအကြံကို တွန်းလှန်နိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ထိုစည်းလုံးညီညွတ်မှု အင်အားဖြင့်ပင် လွတ်လပ်ရေးကိုလည်း အရယူနိုင်ခဲ့ကြသည်။ ထို့ကြောင့် ပင်လုံစာချုပ် ချုပ်ဆိုသော နေ့ကို မပျောက်မပျက် အစဉ်အမြဲသမိုင်းတွင်နေစေရန် ပြည်ထောင်စုနေ့ဟု သတ်မှတ်ထားပေသည်။ ပင်လုံညီလာခံမှ ရရှိခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ကြစေရန် ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက် ရှိကြပေသည်။

လုပ်ငန်း (၁) ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို ရေးပါ။

လုပ်ငန်း (၂) ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သနည်း။

# အခန်း (၂၁)
# လွတ်လပ်ရေးနေ့အခမ်းအနား



လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပနေပုံ

မြန်မာနိုင်ငံသည် ဆုံးရှုံးသွားခဲ့ရသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ဇန်နဝါရီလ ၄ ်ပြန်လည်ရရှိခဲ့သောကြောင့် မြန်မာတစ်မျိုးသားလုံးသည် အတိုင်းမသိဝမ်းသာကြ လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကြီးကို ရန်ကုန်မြို့တော်၌ စည်ကားသိုက်မြိုက်စွာ ခဲ့သည်။

၁၉၄၈ ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီအချိန်တွင် ယာယီပါလီမန်မျက်နှာစာရှိ ိုင်စိုက်ထူရာ မြက်ခင်းပြင်သို့ နိုင်ငံတော်ယာယီသမ္မတကြီး စပ်ရွှေသိုက်သည် ကိုယ်ရံ ားခြံရံလျက် ကြွချီလာသည်။ သမ္မတကြီး ရောက်ရှိပြီးသည့်နောက် ယာယီအစိုးရ ချုပ်၊ ယာယီအစိုးရဝန်ကြီးများ၊ နိုင်ငံခြားအထူးသံတမန်များ၊ ဖဆပလအဖွဲ့အမှုဆောင် များ၊ ယာယီပါလီမန်အမတ်များနှင့် အစိုးရဌာနအကြီးအကဲများပါ စုရုံးရောက်ရှိလာ ည်။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိတွင် ရန်ကုန်မြစ်အတွင်းရှိ ဗာမင်ဟမ်စစ်သင်္ဘော ကြီးက အမြောက်ပစ်၍ အခါပေးလိုက်သည်နှင့်တစ်ပြိုင်နက် အသင့်စောင့်ဆိုင်းနေသော ဘင်ခရာအဖွဲ့က စတင်တီးမှုတ်လေသည်။ ထိုစဉ် အင်္ဂလိပ်ရေတပ်ဗိုလ်တစ်ဦးက အလံတိုင် ထိပ်မှ အင်္ဂလိပ်အလံကြီးကို တဖြည်းဖြည်းဆွဲချလေသည်။ ထိုအချိန်တွင် ဥသြဆွဲသံ၊ ခေါင်းလောင်းသံ၊ ပြောက်အိုးဖောက်သံ၊ သေနတ်ပစ်ဖောက်သံများ တစ်မြို့လုံးညံနေပေသည်။ မီးကျည်မီးပန်းများ၏ အရောင်များသည်လည်း ထိန်ထိန်လင်းနေတော့သည်။ အင်္ဂလိပ် အလံကိုချပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာ့ရေတပ်မတော်အရာရှိတစ်ဦးလက်မှ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အလံကြီးသည် တိုင်ထိပ်ပေါ်သို့ တဖြည်းဖြည်း တက်သွားလေသည်။ ထိုအချိန်တွင် စစ်တီးဝိုင်းက အမျိုးသားသီချင်းကို တီးမှုတ်ပေးလေသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံတော်ကြီး အလံတိုင်ထိပ်ပေါ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အားလုံးက အလေးပြုကြလေသည်။

ထို့နောက် ပရိသတ်အပေါင်းတို့သည် ယာယီပါလီမန်ခန်းမကြီးထဲသို့သွား၍ နေရာ အသီးသီးယူကြသည်။ နိုင်ငံတော်သမ္မတကြီးသည် စင်မြင့်ပေါ်တွင် နေရာယူပြီးသောအခါ သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကြေညာသည်။ တစ်ဆက်တည်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုကြောင်း ကြေညာ လိုက်သည်။ ဩဘာသံများတစ်ခဲနက် ဟိန်းထွက်လာသည်။ ထို့နောက် လွတ်လပ်ရေး အတွက် အသက်ပေးလှူသွားကြသော အာဇာနည်အပေါင်းတို့အား အလေးပြုသည့် အထိမ်းအမှတ်အဖြစ် ၂ မိနစ်ခန့် ငြိမ်သက်စွာနေကြလေသည်။ မကြာမီနိုင်ငံတော် ဝန်ကြီးချုပ် သခင်နုက လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားလေသည်။ လွတ်လပ်ရေးကြေညာ စာတမ်း ဖတ်ကြားပြီးသောအခါ ပရိသတ်တို့က နိုင်ငံတော်သီချင်းကို သီဆိုကြလေသည်။ ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျမ်းသစ္စာကျိန်ဆို၍ လွတ်လပ်ရေးနေ့မိန့်ခွန်းကို မြွက်ကြားလေသည်။ ၎င်းအစီအစဉ် ပြီးဆုံးသောအခါ အခမ်းအနားကို ရုပ်သိမ်းလိုက်လေ သည်။

ထိုနေ့မှာပင် မြန်မာနိုင်ငံ၏ နောက်ဆုံးအင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်သည် ဗာမင်ဟမ်စစ်သင်္ဘောဖြင့် အင်္ဂလန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

လုပ်ငန်း(၁) လွတ်လပ်ရေးနေ့အလံတင် အခမ်းအနား ကျင်းပခဲ့ပုံကိုရေးပါ။

လုပ်ငန်း(၂) လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရန် မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်ကြ မည်နည်း။